# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 7 January 2024 ၁၁၃၃၃


### မေတ္တာဖြင့် အောင်ရာ၏

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး

## ပါတီဝင်များအားလုံးအနေဖြင့် ပါတီအင်အားကို နိုင်ငံတော်အတွက် အကျိုးရှိရှိ မှန်မှန်ကန်ကန်ဖြင့် အသုံးချနိုင်ရန်လို

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်းလည်းဖြစ်ပြီး သမိုင်းကြောင်းလည်း နီးစပ်မှုရှိတဲ့ နိုင်ငံအချင်းချင်းအပေါ် ယခုလိုစွပ်စွဲပြောကြားချက်ဟာ မပြောသင့်မပြောထိုက်တဲ့ စကားတွေသာဖြစ်တယ်ဆိုတာ အင်ဒိုနီးရှားအစိုးရသိစေလိုပါတယ်။ ကမ္ဘာပေါ်မှာ ခြောက်ပြစ်ကင်းသဲလဲစင်နိုင်ငံဟူ၍မရှိပါ။ နိုင်ငံရေး၊ လူမှုရေး ဂိုဏ်းဂဏကွဲပြားမှုတွေနဲ့ ပြည်တွင်းပဋိပက္ခရှိတဲ့ နိုင်ငံတွေမှာ ပိုပြီးရှုန်းကန်ရတဲ့ အခြေအနေတွေအပေါ် နားလည်မှုရှိစေလိုပါတယ်။**

ဆောင်းပါး စာမျက်နှာ » ၆

## ထီပေါက်သည်ကို မသိသော သိန်းငါးထောင် ကံထူးရှင်အား ခြောက်ရက်အကြာမှ အဆက်အသွယ်ရရှိ

ရန်ကုန် ဇန်နဝါရီ ၆

ပိုင်ရှင်ရှာမရခဲ့သည့် သိန်းငါးထောင် ကံထူးရှင်ကို ၆ ရက်အကြာမှ အဆက်အသွယ်ပြန်လည်ရရှိခဲ့ကာ ပိုင်ရှင်ကိုယ်တိုင်ပင်လျှင် ထီပေါက်သည်ကို မသိခဲ့ကြောင်း အေးငြိမ်းချမ်းသာ ထီဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

ကြေးမုံ

# နိုင်ငံချစ်စိတ်ဖြင့် အဖျက်လုပ်ရပ်များဖယ်ရှား

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို ယခင်အစိုးရက တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က နိုင်ငံတော်တာဝန်များ ထမ်းဆောင်ခဲ့သည်ကို CRPH၊ NUG အကြမ်းဖက်အဖွဲ့နှင့် လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်နှင့် နိုင်ငံပျက်စီးရန် အမျိုးမျိုးအဖုံဖုံလုပ်ဆောင်လျက်ရှိသည်။

လက်ရှိတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဖြစ်ပွားနေသော တိုက်ပွဲများကို အကြောင်းပြု၍ အကြမ်းဖက်သောင်းကျန်းသူများက မိမိတို့ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ဘဝကို မထောက်ထားဘဲ တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသည်။ ယင်းအဖျက်လုပ်ရပ်များနှင့်ပတ်သက်၍ မသမာသူအဖျက်သမားများက မီဒီယာများကိုအသုံးချ၍ သတင်းတု၊ သတင်းမှားများထုတ်လွှင့်ကာ ပြည်သူများ အထင်အမြင် အသိအမြင် လွဲမှားစေရန် သတင်းအဆိပ်ခတ်ဆောင်ရွက်နေကြသည်။ လက်ရှိဖြစ်စဉ်အပေါ်အခြေခံ၍ မဟုတ်မမှန်သတင်းများ၊ သတင်းတု၊ သတင်းမှားပြုလုပ်ကာလုပ်ကြံဖန်တီးသတင်းများပြုလုပ်၍ တိုက်ခိုက်မှုများပြုလုပ်နေသည်။

သတင်းတု၊ သတင်းမှား၊ ကောလာဟလသတင်းများသည် တိုင်းပြည်အတွက် အလွန်အန္တရာယ်များသော သတင်းစကားများဖြစ်သည်။ သမိုင်းတွင် ကောလာဟလသတင်းစကားကြောင့် ပြည်ပျက်ခဲ့သည့် ဖြစ်စဉ်ရှိခဲ့ဖူးသည်။ ရှေးဦးကာလက အမှန်အမှားခွဲခြားနိုင်သော အထောက်အထားများမရှိသေးသောကြောင့် ပြည်ပျက်သည်အထိဖြစ်ခဲ့ရသည်။ မျက်မှောက်ကာလတွင် သတင်းအချက်အလက်နှင့် နည်းပညာများ တိုးတက်ထွန်းကားလာသောကြောင့် အမှန်အမှားခွဲခြားရှုမြင်နိုင်ရမည်ဖြစ်သည်။ နိုင်ငံတွင်ဖြစ်ပေါ်နေသည့်ကိစ္စရပ်များကိုအကြောင်းပြု၍ လူမှုကွန်ရက်များပေါ်၌ မမှန်သတင်းများ မှိုလိုပေါက်လာသည်ကို ဆင်ခြင်နိုင်စွမ်းရှိရမည်ဖြစ်သည်။

ဖေ့စ်ဘွတ်ကဲ့သို့ လူမှုကွန်ရက်များပေါ်တွင် မသမာသူများနှင့် ပြည်ဖျက်မီဒီယာများဖြန့်ဝေနေသော သတင်းအများစုသည် မမှန်သတင်းများ၊ ပုံကြီးချဲ့ကားသတင်းများ၊ အထောက်အထားမခိုင်လုံသည့် သတင်းများ၊ တစ်ဖက်သတ်ဘက်လိုက်သည့် အဆိပ်အတောက်ဖြစ်စေသောသတင်းများဖော်ပြနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ သာမန်အားဖြင့် ပြည်သူများသည် သတင်းအဆိပ်အတောက် သတင်းမှိုင်းများ မိကြရသည်။ စဉ်းစားဆင်ခြင်ဉာဏ်နှင့် ခွဲခြားဝေဖန်ပိုင်းခြားနိုင်သူများအနေဖြင့် အမှန်အမှားကွဲပြားစွာသိမြင်ကြသည်။ အမှားကြာလျှင် အမှန်ဖြစ်ဆိုသော်လည်း ယုတ္တိတန်မဲ့ ကြိမ်ဖန်များစွာပြုလုပ်လာသောအခါ ပြည်သူများ သဘောပေါက်လာကြသည်။

မည်သို့ပင်ဖြစ်စေ သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးနှင့် ပြည်သူလူထုထံ သတင်းမှန်များ မှန်ကန်စွာစီးဆင်းနိုင်ရေးအတွက် နိုင်ငံချစ်စိတ်ဖြင့် နည်းလမ်းပေါင်းစုံ ကာကွယ်တားဆီးကြရမည်ဖြစ်သည်။ အထူးသဖြင့် အနာဂတ်တွင် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူကြမည့် လူငယ်လူရွယ်များ အသိအမြင်မမှားစေရန် ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်သည်။ စဉ်းစားချင့်ချိန်သုံးသပ်နိုင်စွမ်းရှိသည့် ဉာဏ်အမြော်အမြင် စွမ်းရည်များ တိုးပွားလာစေရန် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အပြုနှင့်အဖျက်၊ ကောင်းကျိုး၊ ဆိုးကွက်များကို ခွဲခြားရှုမြင်နိုင်စွမ်းရှိအောင် ပြုလုပ်ပေးကြရမည်ဖြစ်သည်။

ဥပမာအားဖြင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်သူများ စစ်ဘေးရှောင်စခန်းများတွင် ဆင်းရဲဒုက္ခခံနေရသည့်ဘဝများနှင့် တည်ငြိမ်အေးချမ်းမှုကြောင့် ပြည်သူများ အလုပ်အကိုင်မပျက် အေးချမ်းစွာနေထိုင်ကြရသည့်ဘဝများကို ထင်ရှားစွာနှိုင်းယှဉ်ပြသကြရမည်ဖြစ်သည်။ အဖျက်လုပ်ရပ်များကို လုပ်ဆောင်ရာတွင် လွယ်ကူသော်လည်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ကိုင်မည်ဆိုပါက ငွေကြေးအရင်းအနှီးများ၊ အချိန်ကာလများ၊ ဘဝများပါ ပေးဆပ်တည်ဆောက်ကြရသဖြင့် နိုင်ငံအတွက်သာမက ပြည်သူများအတွက်ပါ လွန်စွာနစ်နာနိုင်သည်ကို သိမြင်ကြရန်လိုအပ်ပေသည်။

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံတော်၏ သားကောင်းရတနာများဖြစ်၍ နိုင်ငံတော်အနေဖြင့် တန်ဖိုးထားလျက်ရှိပြီး နိုင်ငံတော်အကြီးအကဲက လူငယ်လူရွယ်များ ပညာတတ်များဖြစ်အောင်၊ ပညာရည်မြင့်မားအောင် အထူးအလေးထားတိုက်တွန်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း ပညာရည်တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ပြီး မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ၏လက်ရှိဖြစ်ပေါ်နေသော ပကတိအခြေအနေများကို အသိတရားဖြင့် ရှုမြင်သုံးသပ်ဆင်ခြင်၍ ကောင်းကျိုးများကို ဆောင်ကြဉ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အကြောင်းတို့ကို ခွဲခြားရှုမြင်နိုင်စွမ်းရှိသည့် ပညာတတ်များဖြစ်အောင်၊ အနာဂတ်ကာလတွင် တိုင်းပြည်က အားကိုးအားထားပြုနိုင်သည့် နိုင်ငံသားများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပြီး နိုင်ငံကိုချစ်သည့်စိတ်၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးကို လိုလားသည့်စိတ်တို့ဖြင့် အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ပြီး နိုင်ငံကို တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ နီကာရာဂွါသမ္မတနိုင်ငံသမ္မတနှင့် ဒုတိယသမ္မတတို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဇန်နဝါရီလ ၄ ရက်တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဖော်ပြအပ်ပါသည်။

နှစ်နိုင်ငံပြည်သူများအကြား စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးချစ်ကြည်မှုတို့ ဆက်လက်ခိုင်မာလာစေရန်နှင့် ငြိမ်းချမ်းရေး၊ အတူယှဉ်တွဲနေထိုင်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရဲစွမ်းသတ္တိရှိသည့်စိတ်ဓာတ်တို့ ခိုင်မာလာစေရန်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာပြည်သူများအားလုံး လွတ်လပ်ရေးကို အစဉ်အမြဲရရှိခံစားနိုင်ပြီး နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နီကာရာဂွါနိုင်ငံမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO) အတွင်းရေးမှူးချုပ် မစ္စတာကျန်းမင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈) နှစ်မြောက်လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအား နွေးထွေးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ လေးစားအားရဖွယ် ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများမှာ မြန်မာပြည်သူများ၏ စိတ်အားထက်သန်သော ကြိုးပမ်းအားထုတ်မှုများကို ထင်ဟပ်စေကြောင်း တွေ့မြင်ရပါသည်။

ယမန်နှစ် ၂၀၂၃ ခုနှစ်က မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ၊ ဂိုဟာမြို့၌ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်ခွင့် စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ခြင်းသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ မိသားစုဝင်အဖြစ် မြန်မာနိုင်ငံပါဝင်ခြင်းကို တရားဝင်သတ်မှတ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့အကြား မိတ်ဖက်ဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတွင်း အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ ထို့ပြင် ကဏ္ဍအသီးသီးတွင် မိမိတို့၏ မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ပိုမိုခိုင်မာစေရန် မိမိအနေဖြင့် မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာပါစေကြောင်း၊ လုပ်ငန်းဆောင်တာများ ပိုမိုအောင်မြင်ပါစေကြောင်းနှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသော မြန်မာနိုင်ငံသားများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်းနှင့် ကံကောင်းခြင်းများ ကြုံတွေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာရေးသားခြင်းအတတ်ပညာ အလုပ်ရုံသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာရေးသားခြင်းအတတ်ပညာ အလုပ်ရုံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာ အမျိုးသားစာပေဆုရှင် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က သင်ကြားပို့ချပေးသွားမည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် စာရေးနည်း၊ စာတမ်းရေးနည်းအခြေခံ၊ ဆောင်းပါးရှင်ဖြစ်လိုသူသို့၊ စာရေးတော့မည်လား၊ စာရေးမည်ဆိုလျှင်၊ စာရေးသားနည်း၊ စာရေးတတ်အောင် ဘာလုပ်မလဲ၊ စာရေးချင်သူများသို့၊ စကားပြေ၏အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်၊ စကားပြေရေးဟန်၊ အရေးအသားစနစ်၊ စာရေးသားနည်းအတတ်ပညာနှင့် ဆိုင်သောပုံစံများ၊ ဆောင်းပါးရေးသားနည်း၊ မြန်မာစာအက္ခရာနှင့် သတ်ပုံအသုံးအနှုန်းစသည့် သင်ခန်းစာများကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဦးစီးအရာရှိများ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများနှင့် စာပေဝါသနာရှင်များ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၄၂ဦး တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ အပတ်စဉ်စနေနေ့တိုင်း စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**☆ ဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းရန်အတွက် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရှိရန်လို**

**☆ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် အားလုံးပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လို**

**☆ ၂၀၂၁ ခုနှစ်နောက်ပိုင်း ဖြစ်ပေါ်လာသည့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသကဲ့သို့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များလည်းထိခိုက်ခဲ့ရ**

**☆ သဘောထားကွဲလွဲမှုများ၊ အားနည်းချက်များကို နိုင်ငံရေးပါတီများအနေဖြင့် သိရှိနားလည်ထားရန်လိုပြီး ပါတီ၏မူဝါဒများ၊ ပန်းတိုင်များကို စနစ်တကျဖြင့် တိကျခိုင်မာအောင် ချမှတ်ဆောင်ရွက်ထားရန်လို**

☆ **ရှေ့ဖုံးမှ**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ဥပဒေဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၃၉ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မဲမသမာမှုများဖြစ်ပွားခဲ့**

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံ့တာဝန်များကို မဖြစ်မနေထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းပေးရန်အတွက် အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ဖြေရှင်းပေးခဲ့မှုမရှိကြောင်း၊ ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းမှားယွင်းမှုများမှာ မည်သို့မျှလက်ခံ၍မရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အစိုးရ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြီး အနိုင်ရသည့်ပါတီကို နိုင်ငံတော်တာဝန်များ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးပင်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့်ပြဿနာကို နိုင်ငံရေးအရမဖြေရှင်းဘဲ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ဖြေရှင်းရန်ကြိုးပမ်းလာမှုများကြောင့် နိုင်ငံတော်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ အဆိုပါအချိန်တွင် မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျက်ရှိပြီး နိုင်ငံ၏စီးပွားရေးမှာလည်း ကျဆင်းလျက်ရှိသည့် အချိန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို မိမိကိုယ်တိုင်ဦးစီး၍ ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက်လည်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

တစ်ဖက်တွင်လည်း ပွဲလန့်တုန်းဖျာခင်းဆိုသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက အကြမ်းဖက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ပုံဖော်လုပ်ဆောင်လာခဲ့ကြောင်း၊ ယခုအချိန်အထိလည်း အချို့နေရာများတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိဆဲပင်ဖြစ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများလျော့နည်းပပျောက်စေရေး တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူလူထု၏အားများဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**သိက္ခာရှိသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်**

မိမိတို့ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်တွင် **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"**ဟူ၍ ချမှတ်ထားကြောင်း၊ ယခင် အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သော ရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လက်ရှိ တက်ရောက်လာကြသည့် ပါတီအားလုံးသည် ဒီမိုကရေစီစနစ်ကို လက်ခံယုံကြည်သည့် သူများဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ပါတီဝင်များအားလုံးအနေဖြင့် ပါတီ၏အမာခံဖြစ်သကဲ့သို့ ဒီမိုကရေစီ၏ အမာခံဖြစ်ရန်လိုပြီး ပါတီအင်အားကို နိုင်ငံတော်အတွက် အကျိုးရှိရှိ မှန်မှန်ကန်ကန်ဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ပါတီဝင်များမှလည်း ပါဝင်ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိသည်မှာ ၇၆ နှစ်ရှိပြီဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ လွတ်လပ်ရေးရရှိသည့် နိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှုရှိသည့် နိုင်ငံများရှိသကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသေးသည့် နိုင်ငံများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် နိုင်ငံအတွင်းရှိ ပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ သဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းသည့်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန်အတွက် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် အားလုံးပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်း ဖြစ်ပေါ်လာသည့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသကဲ့သို့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များလည်းထိခိုက်ခဲ့ရကြောင်း၊ သဘောထားကွဲလွဲမှုများ၊ အားနည်းချက်များကို နိုင်ငံရေးပါတီများအနေဖြင့် သိရှိနားလည်ထားရန်လိုပြီး ပါတီ၏မူဝါဒများ၊ ပန်းတိုင်များကို စနစ်တကျဖြင့် တိကျခိုင်မာအောင် ချမှတ်ဆောင်ရွက်ထားရန်လိုကြောင်း။

**နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးမျှော်မှန်းချက်၊ အမျိုးသားရေး ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ချမှတ်၍ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ပါတီများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းနေအရွယ်များအားလုံး ပညာသင်နိုင်ရေး၊ အလုပ်လုပ်နိုင်သူများအားလုံး အလုပ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာသင်ကြားနိုင်သည့် အရွယ်တွင် ပညာသင်ကြားနိုင်မည်ဆိုပါက အသိပညာ၊ အတတ်ပညာများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ပါတီဝင်များအနေဖြင့် နိုင်ငံအတွင်း ပညာသင်ကြားရမည့်အရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားခွင့်ရရှိရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း။

လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ကြမည့် ပါတီများအားလုံးအနေဖြင့် မိမိတို့ဒေသအလိုက် ပညာရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်အောင် ပါတီအလိုက် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရွေးကောက်ပွဲအကြိုလုပ်ငန်းစဉ်ဖြစ်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှကောက်ယူသည့်လူဦးရေသန်းခေါင်စာရင်းသည် အခြေခံစာရင်းရှိသဖြင့် ပိုမိုတိကျမှန်ကန်နိုင်မည်ဖြစ်ပြီး အနည်းဆုံး ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းသည် မဖြစ်မနေဆောင်ရွက်သင့်သည့် နိုင်ငံတကာစံနှုန်းတစ်ခုဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်မှသာလျှင် မဲစာရင်းများကို မှန်ကန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပါတီများအနေဖြင့်လည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း။

ပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် နိုင်သူအကုန်ယူစနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ PR စနစ်ကျင့်သုံးရေးနှင့် ပတ်သက်ပြီး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့များနှင့် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြင်ဆင်သင့်သည့်ကိစ္စရပ်များကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ပြင်ဆင်နိုင်ရန်အတွက် လွှတ်တော်လမ်းကြောင်းမှ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

**တည်ငြိမ်အေးချမ်းမှု ဆောလျင်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်**

ရွေးကောက်ပွဲအောင်မြင် အထမြောက်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိစဉ် လက်နက်ကိုင်အကြမ်းဖက်မှုဖြစ်စဉ်များသည် အဟန့်အတားများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တည်ငြိမ်အေးချမ်းမှု ဆောလျင်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင်ပြုလုပ်၍ ရသည်ဖြစ်သော်လည်း နိုင်ငံရေးအရ သိက္ခာရှိသည့်ရွေးကောက်ပွဲတစ်ရပ်ဖြစ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် တိုင်းပြည်ကို ကောင်းအောင် ဆောင်ရွက်သွားမည်ဟူသည့် စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော် ကောင်းရာကောင်းကျိုးအတွက် လိုအပ်သည်များကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပါတီတစ်ခုချင်းစီအလိုက် လိုအပ်ချက်များ၊ နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရာတွင် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ချမှတ်ထားသည့် လမ်းညွှန်ချက်၊ စည်းကမ်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်လမ်းညွှန်မှုများဖြင့် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MSME စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေး ပါတီများမှ ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပြည်သူ့လုံခြုံရေးစနစ်တွင်ပါတီများမှ ပါဝင်အားဖြည့် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ တိုင်းရင်းသားပြည်သူလူထုအားလုံး တိုင်းချစ်ပြည်ချစ်စိတ်များ တိုးတက်ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်မှု၊ နိုင်ငံရေးပါတီများနှင့် ပတ်သက်၍ ချမှတ်ထားရှိသည့် စည်းကမ်းသတ်မှတ်ချက်များအနက် အချို့သောအချက်များကို ဖြေလျှော့ပေးစေလိုမှု၊ ဒီမိုကရေစီစနစ် ထွန်းကားပြန့်ပွားရေး၊ ပြည်သူ့လုံခြုံရေး စနစ်ခိုင်မာစွာ ဖြစ်ပေါ်လာရေးတို့အတွက် နိုင်ငံရေးပါတီများကို အခွင့်အလမ်းများ ဖော်ဆောင်ခွင့်ပြုပေးစေလိုမှု၊ ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ

စာမျက်နှာ ၄ သို့ ☆

**☆ လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ကြမည့် ပါတီများအားလုံးအနေဖြင့် မိမိတို့ဒေသအလိုက် ပညာရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်အောင် ပါတီအလိုက် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်**

**☆ ရွေးကောက်ပွဲအကြိုလုပ်ငန်းစဉ်ဖြစ်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိ**

**☆ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကောက်ယူသည့် လူဦးရေသန်းခေါင်စာရင်းသည် အခြေခံစာရင်းရှိသဖြင့် ပိုမိုတိကျမှန်ကန်နိုင်မည်ဖြစ်ပြီး အနည်းဆုံး ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းသည် မဖြစ်မနေဆောင်ရွက်သင့်သည့် နိုင်ငံတကာစံနှုန်းတစ်ခုဖြစ်**

**☆ ထိုသို့ဆောင်ရွက်မှသာလျှင် မဲစာရင်းများကို မှန်ကန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပါတီများအနေဖြင့်လည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လို**

☆ စာမျက်နှာ ၃ မှ

ကူညီဆောင်ရွက်ပေးစေလိုမှု၊ ပါတီရုံးများ ဖွင့်လှစ်ရာတွင် အခက်အခဲများရှိသည့် အတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက် ပေးစေလိုမှု၊ သန်းခေါင်စာရင်းများမှန်ကန် စွာ ကောက်ယူနိုင်ရေးအတွက်ဆောင်ရွက် သင့်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်လုံခြုံ ရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ် များ၊ ဆန္ဒမဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်းမဲ ပေးခွင့်ရရှိရေး၊ အခွင့်အရေးဆုံးရှုံးမှုမရှိ စေရေး နိုင်ငံတော်မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပါတီ များကို မှတ်ပုံတင်ခွင့်ပြုပေးခဲ့မှုအခြေ အနေများ၊ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းနှင့် မကိုက်ညီသည့် အချို့ပါတီ များကို ဖျက်သိမ်းခဲ့မှုအခြေအနေများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အနေဖြင့် သတ်မှတ်ထားသည့် ဥပဒေ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက် လျက်ရှိသဖြင့် နိုင်ငံရေးပါတီများအနေဖြင့် လည်း ဥပဒေသတ်မှတ်ချက်များ ပြည့်မီ စေရေးဆောင်ရွက်ရန် လိုအပ်မှုများကို လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံရေးပါတီ များအပေါ် သတ်မှတ်ထားသည့် စည်းမျဉ်း သတ်မှတ်ချက်များအား ဖြေလျှော့ပေး စေလိုမှု တင်ပြချက်များအပေါ် ဥပဒေ ပိုင်းဆိုင်ရာ သုံးသပ်ချက်များကိုလည်း ကောင်း၊ ဥပဒေဆိုင်ရာအကြံပေးအဖွဲ့ဝင် ဦးစစ်အေးက ရွေးကောက်ပွဲကျင်းပရေး ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍လည်း ကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် က ဖြည့်စွက်ဆွေးနွေးရာတွင် နိုင်ငံ့စီးပွား ရေးနှင့်ပတ်သက်၍ အနည်းငယ် ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့မှု မရှိခဲ့ကြောင်း၊ အစိုးရအနေဖြင့် အလုပ် လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် အောင်မြင် မှုရှိအောင် တွန်းအားပေးဆောင်ရွက်ရန် ဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူချိန်မှ စ၍ ပြည်ပချေးငွေများရရှိခဲ့မှုမရှိသည့် အပြင် စီးပွားရေးအရ ပိတ်ဆို့အရေးယူမှု များစွာကို ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပို့ကုန်မှရရှိသည့်ငွေကြေး များဖြင့် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင် ရွက်ခဲ့ရကြောင်း၊ စက်သုံးဆီနှင့် စားသုံးဆီ လိုအပ်ချက်အတွက် နိုင်ငံခြားငွေအများ အပြားသုံးစွဲနေရကြောင်း၊ ပြည်တွင်း စက်ရုံ၊ အလုပ်ရုံများအတွက် စက်သုံးဆီလိုအပ် ချက် ဖြည့်ဆည်းပေးနိုင်ရေး ပြည်တွင်း ရေနံချက်စက်ရုံများ စွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်ရန် ဆောင်ရွက် လျက်ရှိကြောင်း။

**ရင်းနှီးမတည်ငွေများ ထုတ်ပေးထား**

ပြည်တွင်း စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေ များကို ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ တင်ပြချက်များတွင် ပါဝင်သည့် နိုင်ငံ့ ဝန်ထမ်းများ လစာတိုးမြှင့်ပေးနိုင်ရေး အတွက် မိမိတို့နိုင်ငံ၏ ရငွေဘတ်ဂျက် အပေါ်တွင် မူတည်၍ မိမိတို့အနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်း များအတွက် ဝတ်စုံစရိတ်၊ ထောက်ပံ့ကြေး နှင့် ချီးမြှင့်ငွေများကို ဆောင်ရွက်ပေး ထားကြောင်း။

နိုင်ငံရေးပါတီများအတွက် လိုအပ် သည်များကို နိုင်ငံတော်မှ တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးမည်ဖြစ်သော်လည်း အချို့ သောတောင်းဆိုမှုများကို ရေရှည်အတွက် စဉ်းစား၍ ချင့်ချိန်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ၏ ပါတီတစ်ခုချင်းအလိုက် တင်ပြချက်များ ကို မိမိအနေဖြင့် အလေးထားမှတ်သား ထားရှိပြီး လုပ်ဆောင်ပေးနိုင်သည်များကို လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း၊ ပါတီများအားလုံးအနေဖြင့် နိုင်ငံ့ကောင်း ကျိုး၊ လူထုအကျိုးအတွက် တတ်နိုင်သရွေ့ ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက် ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သည် ပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌ များနှင့် တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အသံမစဲဥပ္ပါတသန္တိပါဠိတော် ကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား တက်ရောက်ကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူ များသည် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် မိုးဆွေ ကျေးရွာအုပ်စု ပန်းတင်ကျေးရွာ ဝေဠုဝန်ကျောင်း တိုက်၌ ကျင်းပသည့် အသံမစဲ ဥပ္ပါတသန္တိပါဠိတော် ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်း အနားသို့ တက်ရောက်ကြည့်ရှုကြသည်။

**နာယူကြည်ညို**

ဦးစွာ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏထံမှ ငါးပါး သီလခံယူဆောက်တည်ကာ ဆရာတော်အရှင်သူမြတ် တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တဝိစက္ခဏထံ ပြည်ထောင်စု



ဝန်ကြီးက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ပြီး ဒုတိယဝန်ကြီး ဦးအေးထွန်းက နဝကမ္မ အလှူငွေ ကျပ် ငါးသိန်းနှင့် ဥပ္ပါတသန္တိဂေါပကအဖွဲ့ဝင် ဦးထွန်း ကြည်က ဥပ္ပါတသန္တိပါဠိတော်ဝတ်ရွတ်စဉ် စာအုပ် များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တဝိစက္ခဏက အနုမောဒနာ တရားဟောကြားတော်မူသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝေဠုဝန်ကျောင်း ဝင်းအတွင်း၌ တည်ထားကိုးကွယ်တော်မူသော သာသနသိဒ္ဓိပါလစေတီတော်မြတ်ကြီးအား ဖူးမြော် ကြည်ညိုကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်ရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၅ ရက်မှစတင်၍ ၁၀၈ ရက်တိုင်တိုင် ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်လျက်ရှိ သည့်အပြင် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာ ဥသျှစ်ကုန်း ကျောင်း၊ ဘုရားငါးဆူကျောင်းနှင့် ရွှေလှမ်းတောင် ကျောင်းတို့၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်အထိ ၁၈ ရက်တိုင်တိုင်၊ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ပရိယတ္တိစာသင်တိုက်၊ ဥတ္တရသီရိမြို့နယ် မြင့်ထူးသာ ကျောင်းတိုက်နှင့် ပျဉ်းမနားမြို့ သုခဝိဟာရသရက် ကုန်းကျောင်းတိုက်တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်အထိ ခုနစ်ရက်တိုင်တိုင်၊ တပ်ကုန်းမြို့နယ် မဟာဇနကကျောင်းတိုက်၊ လယ်ဝေးမြို့နယ် သရက်တောပရိယတ္တိစာသင်တိုက်နှင့် ဇေယျာသီရိ မြို့နယ် မဟာဗောဓိမြိုင်ကျောင်းတိုက်တို့၌လည်း အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်းနှင့် ဒက္ခိဏသီရိ မြို့နယ် သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်နှင့် ဇေယျာသီရိမြို့နယ် ရတနာစံ ပရိယတ္တိစာသင်တိုက် တို့၌လည်း ဥပ္ပါတသန္တိပါဠိတော်ကို ဆက်လက် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# EPS-TOPIK နှင့် Special EPS-TOPIK နှစ်ကြိမ်အောင်မြင်ခဲ့သူများ အလုပ်လျှောက်လွှာကို တစ်ကြိမ်သာ တင်သွင်းခွင့်ရရှိမည်

**ရန်ကုန် ဇန်နဝါရီ ၆**

EPS–TOPIKနှင့် Special EPS–TOPIK နှစ်ကြိမ် အောင်မြင်ခဲ့သူများသည် အလုပ် လျှောက်လွှာကို တစ်ကြိမ်သာတင်သွင်းခွင့်ရရှိမည် ဖြစ်ကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ POEA မှ သိရသည်။

**တစ်ကြိမ်သာ တင်သွင်းခွင့်ရရှိမည်**

တောင်ကိုရီးယားနိုင်ငံသို့သွားရောက်အလုပ် လုပ်ကိုင်ဖူးသည့် လုပ်သားအချို့မှာ ထပ်မံသွား ရောက်အလုပ်လုပ်ကိုင်ရန် ကိုရီးယားဘာသာ အရည်အချင်းစစ်ဆေးခြင်း (EPS–TOPIK)စာမေးပွဲ ဖြေဆိုအောင်မြင်၍ အလုပ်လျှောက်လွှာတင်သွင်း ခဲ့ပြီးနောက် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲ (Special EPS–TOPIK) ထပ်မံဖြေဆိုအောင်မြင်မှုများရှိနေကြောင်း သိရ သည်။

ယင်းကဲ့သို့ မိမိဆန္ဒအလျောက် EPS–TOPIK နှင့် Special EPS–TOPIK နှစ်ကြိမ်ဖြေဆိုအောင်မြင်ခဲ့ သူများသည် အလုပ်လျှောက်လွှာအား တစ်ကြိမ်သာ တင်သွင်းခွင့်ရရှိမည်ဖြစ်၍ EPS–TOPIK(Regular) နှင့် Special EPS–TOPIK မှ တစ်မျိုးကိုသာရွေးချယ် ပေးရန်လည်း ဆိုထားသည်။

ကိုရီးယားသမ္မတနိုင်ငံ၌ သုံးနှစ်အထက် တရားဝင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သော လုပ်သားများအတွက် CBT စာမေးပွဲ(ကိုရီးယားဘာသာအရည်အချင်းစစ် အထူး သီးသန့်စာမေးပွဲ Special EPS– TOPIK) ကို ၂၀၂၃ ခုနှစ်အတွင်း ကျင်းပပေးခဲ့ကြောင်း သိရသည်။

Special EPS– TOPIK စာမေးပွဲဝင်ရောက် ဖြေဆိုမည့်သူများအနေဖြင့် အသက် ၁၈ နှစ်မှ အသက် ၃၉ နှစ်အတွင်း ရှိရမည်ဖြစ်ပြီး တောင် ကိုရီးယားနိုင်ငံတွင် E–9၊ E–10 ဗီဇာနှင့် ငါးနှစ် အထက်နေထိုင်ဖူးသူများ၊ ထောင်ဒဏ် အပြစ်ဒဏ် ကျခံဖူးခြင်းရှိသူ/ မြန်မာနိုင်ငံမှ ပြည်ပထွက်ခွာခွင့် တားမြစ်ခံရသူ၊ တစ်ဖက်နိုင်ငံမှ နှင်ထုတ်ခြင်း၊ ပြန်ပို့ခံရသူများအနေဖြင့် ဖြေဆိုခွင့်မရှိကြောင်း လည်း သိရသည်။

**MT**

# မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး ကျင်းပ

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး အိမ်ခြံ မြေကိုယ်စားလှယ်များ ဖွံ့ဖြိုး တိုးတက်ရေးအသင်း၏ ပဉ္စမ အကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး ကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေး မြို့ရှိ Oriental House Restaurant ၌ ကျင်းပသည်။ ဦးစွာ မန္တလေး တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းဋ္ဌေးက ဂုဏ်ပြုအမှာ စကား ပြောကြားသည်။




ထို့နောက် မန္တလေးတိုင်းဒေသ ကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးခင်မောင်လွင်က အမှာ စကားပြောကြားပြီး အသင်း၏ အထွေထွေ အတွင်းရေးမှူးက အသင်း၏ ဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ရည်ရွယ် ချက်များကို ဖတ်ကြားတင်ပြကာ အသင်း၏ အသင်းသားစုံညီ ဖြစ် မြောက်ရေးအတွက် လှူဒါန်းပေး ကြသည့် ရတနာပုံ အကျိုးဆောင် ကုမ္ပဏီနှင့် Steel Stone Group of Company တို့မှ တာဝန်ရှိသူ တို့က မိတ်ဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ အသင်း၏ ဘဏ္ဍာရေးမှူးက အသင်းကြီး၏ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းအား ဖတ်ကြားတင်သွင်းပြီး အစည်း အဝေးသဘာပတိက နှစ်ချုပ်ငွေ စာရင်းရှင်းတမ်း အစီရင်ခံစာအား အစည်းအဝေး တက်ရောက်လာ ကြသူများထံမှ အတည်ပြုချက် ရယူပြီးနောက် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်း လွှာများပေးအပ်ကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသ ကြီး အိမ်ခြံမြေကိုယ်စားလှယ် များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **မောင်အေးချမ်း**

# MSME ထုတ်ကုန်အရောင်းပြခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ပိုမိုကျယ်ပြန့်စွာ ရရှိလာစေရန်နှင့် ဒစ်ဂျစ်တယ်စနစ်တွင် လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ “E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်း”ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနာယက၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်းဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး MSME ထုတ်ကုန်အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းကို MSME Center ရှိ မြေညီထပ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက “E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်း”တွင် ပြသရောင်းချမည့် ထုတ်ကုန်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဒေသအလိုက် ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံပြီး ထုတ်လုပ်ထားသော MSME ထုတ်ကုန်များကို တစုတစည်းတည်း ပြသရောင်းချရာနေရာ၊ ဈေးကွက်ချိတ်ဆက်ပေးရာ Platform တစ်ခုဖြစ်ပြီး နိုင်ငံ့စီးပွားရေး မြှင့်တင်ပေးနိုင်မှုနှင့်လည်း ပတ်သက်ဆက်နွယ် နေသည့်အတွက် အဖိုးတန်အနှစ်သာရများနှင့် ပြည့်နှက်နေသည့် နေရာတစ်ခုဖြစ်ကြောင်း။

MSME ထုတ်ကုန်ပြခန်းတွင် ပါဝင်ပြသရောင်းချသည့် MSME ထုတ်ကုန်များ အားလုံးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ MSME လုပ်ငန်းရှင်များက ကိုယ်တိုင်တိုက်ရိုက်ချိတ်ဆက်ပေးပို့၍ ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ လက်လီလက်ကား ဝယ်ယူလိုသူများနှင့် တစ်ဆင့်ပြန်လည် ရောင်းချလိုသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့မှ ပင်ရင်းဆိုင်များအထိ တကူးတက အချိန်ကုန်ငွေကုန်ခံ၍ သွားရောက်ဝယ်ယူစရာမလိုဘဲ ယခုဖွင့်လှစ်သည့် MSME ထုတ်ကုန်ပြခန်းတွင် အဆင်ပြေ ချောမွေ့ပြီး ယုံကြည်စိတ်ချစွာဖြင့် လာရောက်ရွေးချယ်ဝယ်ယူနိုင်ကြောင်း၊ ကုန်ပစ္စည်းများ၏ ဈေးနှုန်းသည်လည်း ပင်ရင်းဆိုင်များနှင့် ကွာခြားမှုမရှိဘဲ လက်လီလက်ကား ဈေးများသည်လည်း ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း၊ ပြည်ပနိုင်ငံများမှ လာရောက် လည်ပတ်သည့် ဧည့်သည်များအနေဖြင့် မြန်မာ့ထုတ်ကုန်များကို တစုတစည်းတည်း တစ်နေရာတည်းတွင်ကြည့်ရှုလေ့လာခွင့်ရရှိစေပြီး အရည်အသွေးနှင့်ထုပ်ပိုးမှု ကောင်းမွန်လှပသည့် မြန်မာ့ MSME ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ရောက်ရှိစေရန်အတွက် အစပြုသည့် ခြေလှမ်းတစ်လှမ်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အထူးအလေးပေး ဆောင်ရွက်နေသည့် MSME ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် MSME ထုတ်ကုန်ပစ္စည်း အရောင်းပြခန်းတွင် ပြည်တွင်းလုပ်ငန်းရှင် ၁၇၁ ဦးမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်း ၉၀၆ မျိုးကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်၍ မည်သူမဆိုလာရောက်လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်)သို့ ရောက်ရှိပြီး ဆေးပြားနှင့် ဆေးတောင့်ထုတ်လုပ်ရေး အလုပ်ရုံ၌ ဆေးပြားနှင့် ဆေးတောင့်များ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ အရာထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဆေးဝါးစက်ရုံ(အင်းစိန်)အနေဖြင့် အများပြည်သူလိုအပ်သော ဆေးဝါးများကို ထုတ်လုပ်ဖြည့်ဆည်းနေသည့် စက်ရုံဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်ရန်၊ ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် စက်ပစ္စည်းများ ပျက်စီးမှုမရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်ရန်နှင့် လိုအပ်သော စက်အရန် ပစ္စည်းများကိုလည်း ကြိုတင် ဖြည့်ဆည်းထားရန်၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေး ကိစ္စရပ်များကို ဆောင်ရွက်ပေးရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးများနှင့် အတူ Agro Future Myanmar Co., Ltd. သို့ ရောက်ရှိပြီး တစ်နာရီလျှင် တစ်ဧက စိုက်ပျိုးနိုင်သည့် ကောက်စိုက်စက်များ ထုတ်လုပ်တပ်ဆင်နေမှု အခြေအနေတို့ကို အားပေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*** သိန်းငါးထောင်မှ**

ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်ခဲ့သော (၅၈)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် အေးငြိမ်းချမ်းသာ ထီဆိုင်ကြီးမှ ဆ-၄၂၈၀၈၈ ထီပေါက်သော သိန်းငါးထောင် ကံထူးရှင်ကို ရှာမရခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၆ ရက်နံနက်ပိုင်းတွင်မှ သိရခြင်းဖြစ်ကာ ကံထူးရှင်မှာ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ သက်လတ်ပိုင်းအရွယ်အမျိုးသားတစ်ဦးဖြစ်ကြောင်း သိရသည်။

“သူက ကျွန်တော်တို့ဆိုင်မှာ ထိုးတာမဟုတ်ဘူး။ နေပြည်တော်ဘက် ကျွန်တော့်ကိုယ်စားလှယ်ဆီမှာထိုးတာ။ ရောင်းတဲ့ကိုယ်စားလှယ်က မနေ့ကထီတိုက်တယ်ဗျ။ ပထမနေ့က သူတိုက်တာ မျက်စိရှုန်းသွားတာပေါ့ဗျာ။ ကျွန်တော်တို့က အတင်းရှာခိုင်းနေတာ ပေါက်တဲ့သူဆုံးရှုံးသွားရင် ဘယ်သူနဲ့မှအစားထိုးလို့မရဘူး။ အဲဒီတော့ မင်းတို့ရအောင်ရှာကြဆိုပြီးတော့ ကိုယ်စားလှယ်တွေကို ရှာခိုင်းတယ်။ ရှာခိုင်းတော့ရှာတဲ့အထဲမှာ မနေ့ညက အဲဒီကိုယ်စားလှယ်က တွေ့တယ်။ တွေ့တော့ပေါက်တဲ့ကံထူးရှင်ကိုမနက်ကျတော့ သူအဲဒီအိမ်အစောကြီး ရောက်သွားတာပေါ့ဗျာ။ ပေါက်တဲ့ကံထူးရှင်ကို ထီတိုက်ပြီးပြီလား။ ထီလက်မှတ်လေးပြပါဦးပြောတော့ ပေါက်တဲ့အထဲက သိန်းငါးထောင်များဖြစ်နေမလားမသိဘူးဆိုပြီး ကြည့်လည်းကြည့်လိုက်ကော ဆလိမ်ဆိုပြီးအကုန်လုံးဝမ်းသာသွားကြတာပေါ့။ ထိုးထားတဲ့ကံထူးရှင်က ဒီနေ့မှသိသွားတာပါ”ဟု အေးငြိမ်းချမ်းသာ ထီဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(၅၈)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှာ သိန်းငါးထောင်ကံထူးရှင်ရှာဖွေ ဆက်သွယ်မှုမရရှိခဲ့သည့်အတွက် အဆိုပါထီဆိုင်မှ ကိုယ်စားလှယ်များက ကံထူးရှင်အား ဆက်သွယ်မှုရရှိစေရန် လူမှုကွန်ရက်များ၌ ကြေညာကာရှာဖွေခဲ့ကြသည်။

“ကိုယ်စားလှယ်တွေအကုန်လုံးကလည်း ပို့စ်တွေတင်ပြီး အကုန်လုံးရှာကြတယ်။ ကိုယ်စားလှယ်တွေကလည်း အစ်ကိုကြီးရအောင်ရှာကြမယ်တဲ့။ ပေါက်တဲ့သူကိုငါတို့တွေ့ရင် ဂဏန်းတွေမှတ်တာတွေ၊ ပြုတာတွေလုပ်ဖို့ အကုန်လိုက်ရှာကြတာ။ ကျန်တဲ့အကွာရာ တွေ့တယ်ဗျ။ အဲဒီပေါက်တဲ့အကွာရာကို မတွေ့ဘူးဖြစ်နေခဲ့တာ”ဟု ၎င်းက ပြောသည်။ **သစ်တော်**

## ရွှေပြည်သာမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးကော်မတီမှဦးဆောင်၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဇန်နဝါရီ ၃ ရက်က ရွှေပြည်သာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။



အသိပညာပေး ဆွေးနွေးဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာကော်မတီ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ဆီများအား ဈေးနှုန်းသက်သာစွာရောင်းချပေး

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများသို့ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ဇန်နဝါရီ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်း အရှေ့ရပ်ကွက် ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရွာမအရှေ့ရပ်ကွက် အစိုးရစက်မှုလက်မှုသိပ္ပံ(GTI)နှင့် ရွာမအလယ်ရပ်ကွက် အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)တို့၌ ဆီများကို ရောင်းချပေးရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ဝယ်ယူခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ ဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။



**ဉာဏ်ဟိန်း**

# ကိုယ်ကျိုးစီးပွားအတွက် ထိုးကျွေးခံဘင်္ဂါလီအရေး နှုတ်ကြောင်းဖော်လာတဲ့ အင်ဒိုနီးရှား

ကိုယ့်မျက်ချေးကျတော့မမြင်၊ သူများမျက်ချေးသာ မြင်တတ်သူက လောကမှာ အများသား။ ဘယ်သူမှအပြစ်မကင်းတဲ့ လောကကြီးမှာ အခြားသူအပြစ်တော့ ရဲရဲတောက်မြင်တတ်ပြီး ကိုယ့်အပြစ်တော့ မြူမှုန်မျှတောင် မမြင်နိုင်တဲ့ နိုင်ငံများစွာရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံ အပါအဝင်ပေါ့။ လွန်ခဲ့တဲ့လကပဲ သူများနိုင်ငံပြည်တွင်းရေး ဘာမဆိုင်ညာမဆိုင် ဖြောင်ဝင်စွက်ဖက်တဲ့ အရှေ့တီမောဆိုတဲ့နိုင်ငံက ဟိုဆေးရာမို့စ်ဟော်တာဆိုတဲ့လူကို ပြင်းပြင်းထန်ထန်တုံ့ပြန်ခဲ့ရပါသေးတယ်။ အခုတစ်ဖန်လာပြန်ပါပြီ။ အင်ဒိုနီးရှားအောက်လွှတ်တော်က ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ BKSAP မှ လက်ထောက်ဥက္ကဋ္ဌ အာမတ် ဟာဖစ် တိုဟီဆိုသူရဲ့ ပြောကြားချက်များအပေါ် ပြန်လည်တုံ့ပြန်မှတ်ချက်ပေးရန် ဖြစ်ပါတယ်။

**စွမ်းပြည့်**



အင်ဒိုနီးရှားနိုင်ငံ၌ ၁၉၆၅ ခုနှစ်နောက်ပိုင်း ဗိုလ်ချုပ်ကြီး ဆူဟာတိုအာဏာသိမ်းပြီးနောက် ကွန်မြူနစ်လူငယ်အဖွဲ့ဌာနချုပ်ကို မီးရှို့ဖျက်ဆီးစဉ်။

အခုရက်ပိုင်း ASIATODAY.ID မှာ တွေ့ရှိချက်အရ ဘင်္ဂါလီကိစ္စပါဝင်လာခြင်းက မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေအပေါ် စော်ကားသကဲ့သို့ ဖြစ်သွားစေတဲ့ အကြောင်းရင်းက အဓိကဖြစ်ပါတယ်။ ဘာမှမထူးတဲ့ တစ်ခါလာမဲပြာပုဆိုးကဲ့သို့ပင် အပ်ကြောင်းထပ်နေတဲ့ ဒီအညှီကိစ္စရပ်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကို အာဆီယံက ပြတ်ပြတ်သားသား အရေးယူဖို့ သူက ပြောဆိုခဲ့တာပါ။

## ဘာတွေပြောခဲ့သလဲ

ဒီကိစ္စနဲ့ပတ်သက်ပြီး ရှုတ်ချရုံနဲ့ မလုံလောက်ကြောင်း၊ မြန်မာနိုင်ငံအား ကမ္ဘာ့ဖိုရမ်အမျိုးမျိုးမှ ဖယ်ထုတ်ပြီး လက်နက်နှင့် စီးပွားရေးပိတ်ဆို့ဖို့ ဖွဲ့ခဲ့ပြီး နိုင်ငံကူးလက်မှတ်နဲ့ ဗီဇာတွေ ရပ်ဆိုင်းထားဖို့၊ မရှိတဲ့ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သူတွေကို အပြည်ပြည်ဆိုင်ရာတရားရုံးပို့ပြီး တရားစွဲအရေးယူဖို့ ချောက်ချတိုက်တွန်းခဲ့ပါတယ်။ လက်ရှိနိုင်ငံတော်အစိုးရက ဘင်္ဂါလီတွေကို ဂရုမစိုက်ဘဲ အစုလိုက်အပြုံလိုက်သတ်ဖြတ်ရန် အားပေးနေတယ်ဆိုပြီးလည်း စွပ်စွဲခဲ့ပြန်တယ်။ နိုင်ငံတော်အစိုးရကပဲ တာဝန်ဝတ္တရားကင်းမဲ့သယောင် ဘင်္ဂါလီတွေရဲ့ အခြေခံလူ့အခွင့်အရေးနဲ့ ကံကြမ္မာဟာ မရေမရာ ဝေဝါးဖြစ်နေဟန် လုပ်ကြံပြောကြားခဲ့ပါတယ်။ ဒီလို အခြေအနေတွေကြောင့် မြန်မာနိုင်ငံအပေါ် အာဆီယံနိုင်ငံသားတွေက ထပ်တိုးအရေးယူဖို့ တိုက်တွန်းခဲ့တာ တွေ့ရတယ်။

သူ့ရဲ့စွပ်စွဲချက်က အကြမ်းဖက်မှုနဲ့ လူမျိုးတုံးသတ်ဖြတ်မှုဆိုလားပဲ။ ဒါတွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကို အမှန်အကန်အရေးယူဖို့ အာဆီယံမိသားစုကို မရမက ဖိတ်ခေါ်နေတာတွေ့ရပါတယ်။ ဘယ်က မှတ်တမ်းကို ယူထားသည်မသိ၊ ဘင်္ဂါလီမျိုးနွယ်စုတွေဟာ ရခိုင်ပြည်နယ်ထဲ ၁၀၅၅ ခုနှစ်ကတည်းက ရောက်နေတယ်ဆိုပြီး အထောက်အထားမဲ့ပြောကြားချက်ကိုလည်း မှတ်သားမိလိုက်ပါတယ်။ ဒီလို ရှည်လျားတဲ့အတိတ်မှာ ဘင်္ဂါလီတွေအပေါ် မြန်မာက ဒုက္ခနဲ့ အကြမ်းဖက်မှုတွေသာ လုပ်ဆောင်နေတယ်ဆိုတဲ့အချက်ကို ဘယ်လို အထောက်အထားနဲ့ ပြောသည်မသိ တွေ့ရပြန်ပါတယ်။

## စိတ်ကြီးဝင် သွေးနားထင် ရောက်နေပုံရ

စကားအသွားအလာကြည့်ရတာ အခုမှမဟုတ်ပါဘူး။ ၂၀၂၂ ခုနှစ်ကလည်း မြန်မာနိုင်ငံ တပ်မတော်အကြီးအကဲတွေကို သူ့နိုင်ငံမှာ ခုံရုံးတင်ဖို့ ကြိုးစားခဲ့ခြင်းအပါအဝင် အင်ဒိုနီးရှားခေါင်းဆောင်တွေဟာ မြန်မာအစိုးရအပေါ် အကြိမ်ကြိမ် မဟုတ်တမ်းတရမ်းတွေ ပြောဆိုလုပ်ဆောင်နေခဲ့တာပါ။ ပြန်ကြည့်ရင် မြန်မာနဲ့အင်ဒိုဟာ သမိုင်းကြောင်းကောင်းတဲ့ဆက်ဆံရေးတွေ ရှိခဲ့ဖူးပါတယ်။ အခက်အခဲမျိုးစုံနဲ့ အင်ဒိုဒုက္ခရောက်ခဲ့တုန်းကတောင် မြန်မာတွေ ကူညီခဲ့ဖူးပါတယ်။ အင်ဒိုနီးရှားနိုင်ငံခေတ်ဆိုးမှာ ရှိခဲ့ဖူးတဲ့ မြန်မာကျေးဇူးကို ယနေ့အင်ဒိုခေါင်းဆောင်တွေ မေ့နေပုံရပြီး ယနေ့အင်ဒိုနီးရှားနိုင်ငံကြီးစင်ပေါ်ရောက်တဲ့အချိန် သူတို့ကိုယ်သူတို့ စိတ်ကြီးဝင် သွေးနားထင်ရောက်နေပုံရပါတယ်။

ဒီတော့ သူများနိုင်ငံအကြောင်း ပြန်လည်တုံ့ပြန် သုံးသပ်တော့မယ်ဆိုတဲ့အခါ ဒီနိုင်ငံနဲ့ နိုင်ငံသမိုင်းကြောင်းကိုလည်း အကျဉ်းမျှ ဖော်ပြဖို့လိုလာတာပေါ့။ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အိန္ဒိယနဲ့ ပစိဖိတ်သမုဒ္ဒရာနှစ်စင်းကြားတည်ရှိတဲ့ အင်ဒိုနီးရှားနိုင်ငံဟာ ကမ္ဘာမှာ ၁၄ ခုမြောက် ဧရိယာအကြီးဆုံး၊ စတုတ္ထမြောက် လူဦးရေအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့ ကျွန်းစုများနိုင်ငံဖြစ်ပါတယ်။ ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်၊ ဗြိတိသျှတို့လက်အောက် ရောက်ခဲ့ဖူးပြီး ၁၉၄၅ ခုနှစ်ကတည်းက လွတ်လပ်ရေးရရှိခဲ့တဲ့နိုင်ငံပါ။ G 20 နဲ့ OIC အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်ပါတယ်။ အမေရိကန်နဲ့နီးစပ်တဲ့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် စီးပွားရေးမှာ အရှိန်အဟုန်နဲ့ တိုးတက်နေဆဲနိုင်ငံလည်း ဖြစ်ပါတယ်။

## သမိုင်းမှာ သွေးချောင်းစီးအာဏာသိမ်းမှတ်တမ်းရှိခဲ့ဖူးတဲ့ နိုင်ငံ

ဒါပေမဲ့ အင်ဒိုနီးရှားနိုင်ငံသမိုင်းဟာ ပြောစမှတ်ပြုလောက်အောင်ကို အားနည်းချက်တွေ ရှိခဲ့တာကိုတော့ ထောက်ပြလိုပါတယ်။ နိုင်ငံရဲ့ လွတ်လပ်ရေး အမျိုးသားခေါင်းဆောင်ဖြစ်ခဲ့တဲ့ သမ္မတဆူကာနို (၁၉၄၅-၆၅) ထံကနေ အများသိပြီးဖြစ်တဲ့ ဗိုလ်ချုပ်ကြီး ဆူဟာတို ဘယ်လိုအာဏာရယူခဲ့သလဲ၊ အရင်းရှင်ဆန့်ကျင်ရေးသမား ဆူကာနိုလက်အောက်မှာ ကွန်မြူနစ်တွေ လွှမ်းမိုးနေပြီး ကွန်မြူနစ်ထောက်ခံသူတွေနဲ့ စစ်တပ်အာဏာလွန်ဆွဲပွဲမှာ ဆူဟာတိုရဲ့ နိုင်ငံရေးအကွက်ရွှေ့ခံရတဲ့ ဆူကာနို ကျဆုံးခဲ့ရပြီး အမေရိကန် CIA အကူအညီနဲ့ စစ်ခေါင်းဆောင် ဆူဟာတို သမ္မတအာဏာရခဲ့တဲ့ဖြစ်စဉ်ဟာ သွေးချောင်းစီးတဲ့ အာဏာသိမ်းပွဲတစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။

ကွန်မြူနစ်တွေ၊ လက်ဝဲဝါဒီတွေ၊ တရုတ်လူမျိုးတွေ ကြမ်းကြမ်းတမ်းတမ်း သတ်ဖြတ်ခံခဲ့ရရာမှာ လူပေါင်းတစ်သန်းကနေ သုံးသန်းအထိ သတ်ဖြတ်ခံခဲ့ကြရပါတယ်။ သန်းနဲ့ချီတဲ့ လူသားတွေ သေဆုံးခဲ့ရတဲ့ ၎င်းဖြစ်စဉ်အပေါ် အမေရိကန်ထောက်ခံတဲ့ အင်ဒိုနီးရှားရဲ့နိုင်ငံရေးအကြမ်းဖက်မှုနဲ့ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပြီးလည်းဖြစ်ပါတယ်။ သမ္မတဆူဟာတို အာဏာရပြီးတဲ့နောက် New order အစီအစဉ်တစ်ခုချမှတ်ခဲ့ပြီး အမေရိကန်ရဲ့အကူအညီနဲ့ နိုင်ငံဟာ တိုးတက်လာခဲ့ပေမယ့် နယူးအော်ဒါအစိုးရခေါင်းဆောင် ဆူဟာတိုဟာ နိုင်ငံရဲ့အကျင့်ပျက်ခြစားမှု၊ အတိုက်အခံတွေကို ပြင်းပြင်းထန်ထန်ဖိနှိပ်မှုနဲ့ လူထုအုံကြွမှုများအောက်မှာ နိုင်ငံပုံရိပ်ဟာ များစွာကျဆင်းခဲ့ရပြီး ဆူဟာတိုလည်း ၁၉၉၈ ခုနှစ်မှာ သမ္မတအဖြစ်ကနေ နုတ်ထွက်ပေးခဲ့ရပါတယ်။

မြန်မာနိုင်ငံအပေါ် ယခင်လက ပုတ်ခတ်စော်ကားပြောခဲ့တဲ့ ဟိုဆေးရာမို့စ် အပါအဝင် အရှေ့တီမောနိုင်ငံသားတွေဟာလည်း အင်ဒိုအစိုးရရဲ့ အဖိနှိပ်ခံခဲ့ရဖူးသူတွေ ဖြစ်ခဲ့ပါတယ်။ အာချေး၊ ပါပူအာတို့နဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ခဲ့ဖူးပြီး အာချေးပြဿနာက ပြေလည်သွားပေမယ့် ပါပူအာပြဿနာကတော့ မပြီးသေးပါဘူး။

## မိတ်ဆွေမပီသသော မရိုးသားမှုဟုသာ

အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်းလည်းဖြစ်ပြီး သမိုင်းကြောင်းလည်း နီးစပ်မှုရှိတဲ့ နိုင်ငံအချင်းချင်းအပေါ် ယခုလို စွပ်စွဲပြောကြားချက်ဟာ မပြောသင့်မပြောထိုက်တဲ့ စကားတွေသာဖြစ်တယ်ဆိုတာ အင်ဒိုနီးရှားအစိုးရ သိစေလိုပါတယ်။ ကမ္ဘာပေါ်မှာ ခြောက်ပြစ်ကင်းသဲလဲစင်နိုင်ငံဟူ၍မရှိပါ။ နိုင်ငံရေး၊ လူမှုရေး ဂိုဏ်းဂဏ ကွဲပြားမှုတွေနဲ့ ပြည်တွင်းပဋိပက္ခရှိတဲ့နိုင်ငံတွေမှာ ပိုပြီးရှုန်းကန်ရတဲ့ အခြေအနေတွေအပေါ် နားလည်မှုရှိစေလိုပါတယ်။

အမှားနဲ့အမှန်၊ တည်ဆောက်သူနဲ့ဖျက်နေသူ၊ ငြိမ်းချမ်းရေးလိုလားသူနဲ့ မလိုလားသူ၊ ခွဲခြားကွဲပြားစွာ မမြင်နိုင်လောက်အောင် ဆင်ခြင်တုံတရား နည်းပါးလွန်းတယ်လို့ ဆိုရမှာထက် ယခုလိုကာလမျိုး မြန်မာပြည်တွင်းရေး အခက်အခဲတချို့ရှိနေချိန် နိုင်ငံမြောက်ပိုင်းနဲ့တောင်ပိုင်းမှာ ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ စစ်ရေးဖိအားတွေနဲ့ ရင်ဆိုင်နေရချိန်မှာ ယခုလို နိုင်ငံအနောက်တံခါးဝက ဘင်္ဂါလီကိစ္စ လေသံပစ်လာတာဟာ စာမျက်နှာ ၇ သို့ ❖

**❛ အချက်အလက်တွေက အင်ဒိုနီးရှားအစိုးရဟာ နိုင်ငံသားတွေရဲ့အခြေခံအခွင့်အရေးတွေနဲ့၊ နိုင်ငံရေးအခွင့်အရေးတွေနဲ့ပတ်သက်ပြီး မကြာခဏချိုးဖောက်နေတယ်လို့ ဆိုပါတယ်။ အထူးသဖြင့် နောက်ခံအင်အားချို့တဲ့သူ လူအုပ်စုတွေအပေါ် ဘာသာရေး၊ လူမျိုးစုအရေး၊ လူမှုရေး၊ ကျားမတန်းတူနဲ့ လိင်ပိုင်းဆိုင်ရာတွေမှာ တပ်နဲ့ ရဲတပ်ဖွဲ့ဝင်တွေက အဓိကကျူးလွန်နေတာဖြစ်ပါတယ်။ အထူးသဖြင့် ပါပူအာနဲ့ အနောက်ပါပူအာခရိုင်တွေမှာ ပြည်တွင်း၊ ပြည်ပသတင်းထောက်တွေနဲ့ စောင့်ကြည့်လေ့လာသူတွေကို ဝင်ခွင့်မပေးထားဘဲ အာဏာပိုင်တွေက မတော်မတရား နှိပ်စက်စော်ကားမှုတွေ၊ အာဏာအလွဲသုံးစားမှုတွေနဲ့ အကြမ်းပတမ်းကိုင်တွယ်နေကြကြောင်း ဖော်ပြထားပါတယ်။ ကျူးလွန်သူတွေမှာ အစ္စလာမ္မစ်အုပ်စုတွေလည်းပါဝင်ပြီး သူတို့ဟာ လူနည်းစုတွေဖြစ်တဲ့ မတူကွဲပြားဘာသာရေးအဖွဲ့တွေ၊ အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေ၊ LGBT တွေကို အဓိကပစ်မှတ်ထားလေ့ရှိကြပါတယ် ❜**

❖ စာမျက်နှာ ၆ မှ
**မရိုးသားဘူးလို့သာ ဆိုရပါမယ်။ မြန်မာနိုင်ငံနဲ့ ပြည်သူတွေအပေါ် အကျပ်အတည်း ဆိုးသည်ထက်ဆိုးအောင် မိတ်ဆွေမပီသတဲ့ ဖိအားပေးခြင်းတစ်မျိုးဟုသာ မှတ်ယူရပါမယ်။**

### HRW 2022

နိဒါန်းအစချီခဲ့သလို သူများအပေါ် တစ်ဖက်သတ်လက်ညှိုးထိုးခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံကြီးမှာရော ဝေဖန်စရာ၊ အပြစ်တင်စွပ်စွဲမှုတွေ ရှိမနေဘူးတဲ့လား။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ကတော့ အခြားနိုင်ငံတွေအပေါ် မည်သည့်အခါကမျှ ဝင်ရောက်စွက်ဖက်ခြင်းတွေရှိခဲ့တာမဟုတ်ဘဲ မိမိနိုင်ငံအပေါ် မတရားစွက်ဖက် စွပ်စွဲလာမှသာ ပြန်လည်တုံ့ပြန်ပြောဆိုတာတွေ ရှိခဲ့တာဖြစ်ပါတယ်။ ပြန်လည်ပြောဆိုရာမှာလည်း အထောက်အထားမဲ့မဟုတ် အတိတ်သမိုင်းနဲ့ ပတ်သက်ပြီးလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အကိုးအကားများမှလည်းကောင်း ပြန်လည်ချေပခြင်းတွေသာ ရှိခဲ့ပါတယ်။ ယခုလည်း ၂၀၂၃ နိုဝင်ဘာလက G20 အစည်းအဝေးကြီးကျင်းပနိုင်ခဲ့တဲ့ အင်ဒိုနီးရှားအစိုးရအပေါ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်ပြီး ကမ္ဘာ့ပရိသတ်အာရုံကို ဖမ်းစားတဲ့ Human Rights Watch World report 2022 အချက်အလက်တွေအပေါ်မှာ အကိုးအကားပြု ဝေဖန်လိုပါတယ်။

**အချက်အလက်တွေက အင်ဒိုနီးရှားအစိုးရဟာ နိုင်ငံသားတွေရဲ့ အခြေခံအခွင့်အရေးတွေနဲ့၊ နိုင်ငံရေးအခွင့်အရေးတွေနဲ့ ပတ်သက်ပြီး မကြာခဏချိုးဖောက်နေတယ်လို့ ဆိုပါတယ်။ အထူးသဖြင့် နောက်ခံအင်အားချို့တဲ့သူ လူအုပ်စုတွေအပေါ် ဘာသာရေး၊ လူမျိုးစုအရေး၊ လူမှုရေး၊ ကျားမတန်းတူနဲ့ လိင်ပိုင်းဆိုင်ရာတွေမှာ တပ်နဲ့ ရဲတပ်ဖွဲ့ဝင်တွေက အဓိကကျူးလွန်နေတာ ဖြစ်ပါတယ်။ အထူးသဖြင့် ပါပူအာနဲ့ အနောက်ပါပူအာခရိုင်တွေမှာ ပြည်တွင်း၊ ပြည်ပ သတင်းထောက်တွေနဲ့ စောင့်ကြည့်လေ့လာသူတွေကို ဝင်ခွင့်မပေးထားဘဲ အာဏာပိုင်တွေက မတော်မတရား နှိပ်စက်စော်ကားမှုတွေ၊ အာဏာအလွဲသုံးစားမှုတွေနဲ့ အကြမ်းပတမ်း ကိုင်တွယ်နေကြကြောင်း ဖော်ပြထားပါတယ်။ ကျူးလွန်သူတွေမှာ အစ္စလာမ္မစ်အုပ်စုတွေလည်း ပါဝင်ပြီး သူတို့ဟာ လူနည်းစုတွေဖြစ်တဲ့ မတူကွဲပြား ဘာသာရေးအဖွဲ့တွေ၊ အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေ၊ LGBT တွေကို အဓိက ပစ်မှတ်ထားလေ့ရှိကြပါတယ်။**

### အငြင်းပွားဖွယ် ဥပဒေပြင်ဆင်ချက်များအရ

**မျက်မှောက်ကာလတစ်ခုမှာ အင်ဒိုနီးရှားပါလီမန်က ပြစ်မှုဆိုင်ရာ ဥပဒေ စည်းမျဉ်းတစ်ခုကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ ဒီဥပဒေပြင်ဆင်ချက်မှာ ဘာပါလာသလဲဆိုတော့ “ကျင့်သုံးဆဲ မည်သည့်ဥပဒေတွင်မဆို” ဆိုတဲ့ အငြင်းပွားဖွယ်ရာ အသုံးအနှုန်းတစ်ခု ဖော်ပြပါရှိခဲ့ပြီး ဒီအချက်ထဲမှာ ပြစ်မှုဆိုင်ရာဓလေ့ထုံးတမ်းဥပဒေနဲ့ ရှာရီရာ အစ္စလာမ္မစ်ဥပဒေပါ ရာနဲ့ချီတဲ့ အမိန့်နဲ့စည်းမျဉ်းများ၊ အဓိပ္ပာယ်သတ်မှတ်ချက်များစွာကို ပြင်ဆင်ထည့်သွင်း ဖော်ပြလာပါတယ်။ ဒီအချက်တွေကို အမျိုးသမီးနဲ့ ဘာသာရေးဆိုင်ရာ လူနည်းစုတွေ၊ LGBT တွေအပေါ် ခွဲခြားဆက်ဆံမှုတွေအဖြစ် ထောက်ပြပြီး ဆန့်ကျင်ကန့်ကွက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အခုလို ခွဲခြားပြဋ္ဌာန်းမှုတွေဟာ အနာဂတ်မှာ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်လာနိုင်တဲ့ လူအချင်းချင်း မတရား ဖိနှိပ်စော်ကားမှုတွေအဖြစ် ယနေ့အင်ဒိုနီးရှား ပြည်သူတွေက စိုးရိမ်ပူပန်နေကြပါပြီ။**

> **“အင်ဒိုအစိုးရအပေါ် အကြံပြုချင်တာတွေရှိပါတယ်။ ရွေးကောက်ပွဲနီးမှ ယခုလို ပြည်ပနိုင်ငံများရဲ့ ပြည်တွင်းရေးတွေမှာ လိုသလိုအာရုံစိုက်ပြီး ကိုယ့်ကိုယ်ကိုယ်ထင်ပေါ်အောင် မပြုမိစေဖို့နဲ့ မိမိပြည်တွင်းရေးပြဿနာတွေကို အခြားကို အာရုံပြောင်းလုပ်နေမယ့်အစား (ယူကရိန်းဆီသွား ဇာလန်စကီးနဲ့တွေ့ပြီး ယူကရိန်းအရေး ဝင်စွက်ခဲ့ဖူး) အစိုးရအပေါ် မကျေမနပ်ဖြစ်နေတဲ့ ကိုယ့်ပြည်သူတွေ အပေါ်မှာသာ အထူးစေတနာထား အာရုံစိုက်ဆောင်ရွက်ပေးစေလိုပါတယ်။ ကိုယ့်ပြည်တွင်းရေးမှာ ရှင်းစရာတွေ များစွာရှိနေတယ်ဆိုတာ သိနေရပါမယ်”**

အနည်းငယ် အသေးစိတ်ရရင် ယနေ့ အင်ဒိုနီးရှားအမျိုးသမီးနဲ့ မိန်းကလေးတွေရဲ့ ခွဲခြားဖိနှိပ်ခံရမှုဟာ တစ်နိုင်ငံလုံးမှာ ဖြစ်ပေါ်နေခြင်းပါ။ လူ့အခွင့်အရေးအဖွဲ့တွေ ထောက်ပြတာက အမျိုးသမီးနဲ့ မိန်းကလေးတွေဟာ စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားခံနေကြရပြီး jilbab ခေါ်တဲ့ အပြင်ထွက်ရင် ခေါင်းမြီးခြုံထွက်ရတဲ့ အလေ့အထကို မဖြစ်မနေလိုက်နာကြရတယ်လို့ဆိုပါတယ်။ မလိုက်နာတဲ့ အမျိုးသမီး၊ မိန်းကလေးတိုင်းဟာ ကျောင်းဆရာမ၊ ကျောင်းသူဆို ကျောင်းကအထုတ်ခံရ၊ ဝန်ထမ်းဆို အလုပ်က အထုတ်ခံရ သို့မဟုတ် နုတ်ထွက်ခိုင်းခံရပါတယ်။ ဒီလိုဝတ်စားဆင်ယင်မှုကို ခရစ်ယာန်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာနဲ့အခြားမွတ်စလင်မဟုတ်သူတွေပါ အတင်းအကျပ်ဝတ်ဆင်ရတာ ဖြစ်ပါတယ်။ ဆိုရရင် ထိုနိုင်ငံမှာ ၁၉၆၅ ခုနှစ်ကတည်းက ထုတ်ပြန်ခဲ့တဲ့ ဆွန်နီတွေကို ပစ်မှတ်ထားတဲ့ အစ္စလာမ်ဘာသာကို ပြစ်မှားခြင်းဆိုင်ရာ ဥပဒေတွေနဲ့လည်း ဆက်စပ်မှုက ရှိနေပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ မွတ်စလင်မဟုတ်တဲ့ အခြားဘာသာဝင်တွေကို အသိအမှတ်ပြုထားပေမယ့် ဘာသာရေးအဆောက်အအုံတွေ ဆောက်ခွင့်မှာ ကန့်သတ်ချက်များစွာရှိတာကို လေ့လာမိပါတယ်။ ထို့အပြင် အင်ဒိုနီးရှားမှာ ဘာသာရေးကူးပြောင်းမှုတွေကို ဘယ်လိုသဘောထားပါသလဲ။ ၂၀၁၄ ကတည်းက ခရစ်ယာန်ဘာသာဘက် ကူးပြောင်းခဲ့တဲ့ မိုဟာမက်ကေ့စ်ဆိုသူ အစ္စလာမ်တရားဟောဆရာတစ်ယောက် ပြစ်မှုကျူးလွန်မှုအဖြစ် သတ်မှတ်ခံရပြီး ထောင်ဒဏ် ၁၀ နှစ် အပြစ်ပေးခံခဲ့ရတဲ့ဖြစ်စဉ်နဲ့အတူ နောက်ထပ် အင်ဒိုနီးရှား အမျိုးသားခေါင်းဆောင် ဆူကာနိုရဲ့သမီး ထင်ရှားတဲ့ နိုင်ငံရေးသမားမျိုးဆက်ထဲက ဆူကာမာဝတီဟာလည်း အစ္စလာမ်ဘာသာကို စွန့်လွှတ်ပြီး ဟိန္ဒူဘာသာ ကူးပြောင်းခဲ့လို့ ပြည်တွင်းမှာ အပြင်းအထန်ဝေဖန်ခံရတဲ့ အစဉ်အလာတွေ ရှိခဲ့ဖူးပါတယ်။

လော်စပီကာ ကျယ်ကျယ်လောင်လောင် ဖွင့်တာကအစ သူတို့ဘာသာရဲ့ အားနည်းချက်ကို ဝေဖန်မိရင် အပြစ်ပေးခံရတဲ့ အလားတူဖြစ်စဉ်ဖြစ်ရပ်များစွာ ရှိနေကြောင်းကို ထောက်ပြလိုပါတယ်။ ဘာသာရေးမှာသာမက မြေယာပိုင်ဆိုင်ခွင့်ကဲ့သို့သော အချို့ပြည်သူ့ရေးရာမူဝါဒများ၊ ပါပူအာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်တွေမှာ အင်ဒိုစစ်သားတွေရဲ့ စစ်ရာဇဝတ်မှုတွေကိုလည်း ထိုအစီရင်ခံစာမှာ ထည့်သွင်းဖော်ပြချက်တွေအရ သိရှိခဲ့ရပါသေးတယ်။

အင်ဒိုနီးရှားနိုင်ငံအနေနဲ့ မြန်မာလူနည်းစုအရေး ယခုလို အာရုံစိုက် တကူးတကပြောခဲ့သလို ယနေ့ ဂါဇာမှာ ဖြစ်ပွားနေတဲ့ အနိဋ္ဌာရုံတွေအပေါ်မှာလည်း ယခုထက်ပိုပြီး ပြင်းပြင်းထန်ထန်ဝေဖန်ဖို့တာဝန်ရှိတယ်လို့ မြင်ပါတယ်။ အင်ဒိုအစိုးရရဲ့ အစ္စလာမ်ဘာသာဆိုင်ရာ သဘောထားမှာ ဝိဝါဒကွဲပြားမှုတွေရှိနေသလား၊ အချို့ကမ္ဘာ့အမြင်မှာ ထောက်ပြဝေဖန်မှုတွေကိုလည်း ထည့်တွက်ရပါမယ်။ ပြည်တွင်းမှာသာမက ပြည်ပမှာပါ ကိုယ့်အကျိုးစီးပွားနဲ့ ပတ်သက်လာရင် OIC ရဲ့ မူဝါဒကိုပါ မျက်ကွယ်ပြုနိုင်တဲ့ ခွဲခြားရပ်တည်မှုနမူနာကို ပြသခဲ့ခြင်းဟုသာ ဆိုရပါလိမ့်မယ်။

### အကြံပြုချက်များနှင့်အတူ

**အင်ဒိုအစိုးရအပေါ် အကြံပြုချင်တာတွေရှိပါတယ်။ ရွေးကောက်ပွဲနီးမှ ယခုလို ပြည်ပနိုင်ငံတွေရဲ့ ပြည်တွင်းရေးတွေမှာ လိုသလို အာရုံစိုက်ပြီး ကိုယ့်ကိုယ်ကိုယ်ထင်ပေါ်အောင် မပြုမိစေဖို့နဲ့ မိမိပြည်တွင်းရေးပြဿနာတွေကို အခြားကို အာရုံပြောင်းလုပ်နေမယ့်အစား (ယူကရိန်းဆီသွား ဇာလန်စကီးနဲ့တွေ့ပြီး ယူကရိန်းအရေး ဝင်စွက်ခဲ့ဖူး) အစိုးရအပေါ် မကျေမနပ်ဖြစ်နေတဲ့ ကိုယ့်ပြည်သူတွေ အပေါ်မှာသာ အထူးစေတနာထား အာရုံစိုက်ဆောင်ရွက်ပေးစေလိုပါတယ်။ ကိုယ့်ပြည်တွင်းရေးမှာ ရှင်းစရာတွေ များစွာရှိနေတယ်ဆိုတာ သိနေရပါမယ်။**

အထက်ပါ ဖော်ပြခဲ့တဲ့ပြဿနာတွေအပြင် သမ္မတရဲ့ ဆွေမျိုးကောင်းစားရေး Nepotism အပေါ် ပြည်တွင်း၊ ပြည်ပဝေဖန်မှုတွေကိုလည်း သတိပြုသင့်ပါတယ်။ လက်ရှိသမ္မတ ဂျိုကိုဝီရဲ့သားကြီး ရာကာကို ကာကွယ်ရေးဝန်ကြီးနဲ့တွဲဖက်ပြီး ဒုသမ္မတလောင်း အရွေးချယ်ခံမယ့်ကိစ္စ၊ သူ့သားအငယ် ပန်ဂါရက်ကို အာဏာရ PSI ပါတီဥက္ကဋ္ဌအဖြစ် ခန့်အပ်တဲ့ကိစ္စတွေဟာ အများက သုံးသပ်ဝေဖန်ခံရတဲ့ ကိစ္စတွေဖြစ်နေပါတယ်။ စီးပွားရေးမှာ ငွေကြေးဖောင်းပွမှုပြဿနာအပြင် စီးပွားရေးတုံ့ဆိုင်းနေမှုတွေကိုလည်း ဖြေရှင်းရမှာရှိနေပါတယ်။

သုံးသပ်ရမယ်ဆိုရင်တော့ ဝေဖန်ထောက်ပြစရာ အချက်အလက်တွေ များစွာရှိနိုင်ပါသေးတယ်။ မြန်မာနိုင်ငံဘက်ကတော့ အချို့နိုင်ငံတွေရဲ့ ထိုးကျွေးခံဘဝရောက်နေရရှာတဲ့ ဘင်္ဂါလီတွေအတွက် လူသားချင်းစာနာစိတ်နဲ့ အခိုင်အမာရပ်တည်ပြီး အပြုသဘော ဆောင်ရွက်ချက်တွေ အစဉ်ပြုလုပ်နေတာဖြစ်ပါတယ်။ ဘင်္ဂါလီအရေးဟာ သူတို့ရွေးကောက်ပွဲ အကျိုးစီးပွားအတွက်ရယ်၊ နိုင်ငံတကာနဲ့ ဒေသတွင်းမှာ မျက်နှာသာရဖို့နဲ့ ဘင်္ဂါလီအရေးကို အာဆီယံစားပွဲပေါ်မှာ နေရာယူလာနိုင်ဖို့၊ မြန်မာနိုင်ငံအရေး ပြဿနာတွေကြောင့် ဘင်္ဂါလီတွေ ထွက်ပြေးနေရတယ် စတဲ့ မရိုးသားတဲ့ သရုပ်ဖော် ဖန်တီးမယ့် အကွက်တွေကိုသာ တွေ့မြင်နေရပါကြောင်းနဲ့ ဂရုတစိုက်လေ့လာစောင့်ကြည့်ရန် လိုအပ်နေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## တရုတ်နိုင်ငံမှ ဖရဲသီးဝယ်လိုအား ပြန်လည်မြင့်တက်


ရန်ကုန် ဇန်နဝါရီ ၆

လက်ရှိကာလတွင် တရုတ်နိုင်ငံမှ ဖရဲသီးဝယ်လိုအား ပြန်လည်မြင့်တက်နေကြောင်း ခွာညိုသစ်သီးပွဲရုံမှ သိရသည်။ ဖရဲသီးကို မိုင်းလားနှင့် လွယ်ဂျယ်လမ်းကြောင်းမှ တင်ပို့နေပြီး ထိုသို့တင်ပို့ရာတွင် လမ်းကြောင်းဝေးလွန်း၍လတ်ဆတ်မှုရှိပြီး ခံနိုင်ရည်ရှိသည့်သစ်သီးများကို ရွေးချယ်တင်ပို့ရကြောင်း သိရသည်။

“ဖရဲသီးဝယ်လိုအားကောင်းပါတယ်။ ဈေးမငြိမ်တာတော့ရှိတယ်။ လက်ရှိကတော့ ဖရဲသီးတစ်တန်ကို ယွမ် ၃၀၀၀၊ ၃၅၀၀ လောက်ရနေတာ”ဟု ခွာညိုပွဲရုံမှ တာဝန်ရှိသူက ပြောသည်။

ယင်းကဲ့သို့ တင်ပို့ရာတွင် ကားခအပါအဝင် အခြားကုန်ကျစရိတ်အပါ စုစုပေါင်း သိန်း ၁၂၀ ခန့်ရှိကြောင်း သိရသည်။

“မိုင်းလားက တင်ပို့တဲ့အခါ လမ်းကြောင်းဝေးလွန်းပြီး ကုန်ကျစရိတ်များသလို အချိန်လည်းကြာတော့ အသီးတွေ အပုပ်နာတာတွေရှိတယ်။ လွယ်ဂျယ်ကနေလည်း တင်ပို့နေတာ။ ကုန်ကျစရိတ် သိပ်မကွာဘူး။ သူလည်း လမ်းခရီးဝေးတယ်”ဟု ၎င်းကပြောသည်။ MT





## လမ်းလုပ်ငန်းများ အရည်အသွေးကောင်းမွန်ရေး ကွင်းဆင်းကြီးကြပ်

လေးမျက်နှာ ဇန်နဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ Grand Step ဆောက်လုပ်ရေးကုမ္ပဏီက ကညင်တိုင်း-ဝတ်ကုန်း မြေသားလမ်း ဖောက်လုပ်နေမှုကို ဇန်နဝါရီ ၂ ရက်တွင် ဟသ်ာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုသိန်းဇော်လင်းက ကွင်းဆင်းကြီးကြပ်ခဲ့သည်။

အဆိုပါလမ်းသည် အရှည် ၂/၄ မိုင်၊ အကျယ် ၁၈ ပေ၊ ဒု သုံးပေရှိသော ကျေးရွာချင်းဆက်မြေသားလမ်းဖြစ်ပြီး ယနေ့အထိ အရှည် ၂/၂ မိုင်ခန့် ဖောက်လုပ်ပြီးစီးနေကြောင်းနှင့် အဆိုပါလမ်းလုပ်ငန်းပြီးစီးပါက ကျေးရွာကိုးရွာ၊ အိမ်ခြေ ၉၇၅ အိမ်နှင့် လူဦးရေ ၃၄၅၁ ဦး အကျိုးပြုနိုင်ကြောင်း မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးမြင့်လင်းက ရှင်းလင်းတင်ပြကြောင်း သိရသည်။ တင်ရွှေ(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံ သန့်စင်ပြီးပဲသိုလှောင်ထားရှိမှု၊ အဆင့်မြင့်ဆန်သိုလှောင်ထားရှိမှုနှင့် မွေးမြူရေးငါးထုတ်လုပ်ရောင်းချမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်ရှိ Bright Light Group Ltd ၏ ပဲသန့်စင်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ပြည်တွင်းစားသုံးရန်နှင့် ပြည်ပသို့တင်ပို့ရန်အတွက် ပဲများသန့်စင်ကြိတ်ခွဲထုပ်ပိုးနေမှုနှင့် သန့်စင်ပြီး ပဲသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးမှုဖူလုံမှုရှိရေးကို ဦးစားပေးဆောင်ရွက်ရန်၊ ပြည်တွင်းစားသုံးမှုပိုလျှံမှသာ ပြည်ပသို့ ပို့ကုန်အဖြစ် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊ ပြည်ပသို့တင်ပို့ရာတွင် အတားအဆီးနှင့် ကန့်သတ်ချက်များလျှော့ချရန်၊ ဈေးကွက်ရရှိရေးနှင့် တန်းတူအခွင့်အရေးရရှိရန်၊ အဆင့်မီပို့ကုန်များရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်၍ စက်ပစ္စည်းများအရည်အသွေးမြှင့်တင်ရန်၊ အလွှာပေါင်းစုံပူးပေါင်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Arkar Oo Co.Ltd., ၏ ပဲသန့်စင်စက်၊ ပဲအချောထည်စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ပြည်ပသို့တင်ပို့ရန် ပဲများကြိတ်ခွဲထုတ်လုပ်နေမှု၊ ထုပ်ပိုးပြီးတင်ပို့ရန် ပြင်ဆင်သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရန်၊



ပိုးသတ်ဆေးဓာတ်ကြွင်းများ မကျန်ရှိစေရန်နှင့် သီးနှံများ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့ရောင်းချရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ Good Brother's Co.Ltd., ၏ အဆင့်မြင့်ဆန်စက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း ပြည်တွင်းဖြန့်ဖြူးရန်နှင့် ပြည်ပသို့တင်ပို့ရန်အတွက် အဆင့်မြင့်ဆန်များ သန့်စင်ခြင်း၊ ထပ်မံကြိတ်ခွဲခြင်း၊ ဆန်ကွဲခွဲထုတ်ခြင်း၊ ဆန်အရောင်တင်ခြင်းနှင့် အရောင်ခွဲခြားခြင်း၊ သတ်မှတ်အရည်အသွေးပြည့်မီရေးစစ်ဆေးခြင်း၊ အိတ်သွပ်ထုပ်ပိုးခြင်းလုပ်ငန်းစဉ်များ၊ တိရစ္ဆာန်အစားအစာအတွက် သိုလှောင်ထားရှိခြင်း၊ စပါးခွံလောင်စာတောင့်ထုတ်လုပ်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်းမြို့ရှိ ဝန်ကြီးဌာနပိုင် ဧက ၁၀၀ ငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းသက်သာရန်ပုံငွေတိုးပွားရေးအတွက် ငါးများ ပိုမိုမွေးမြူထုတ်လုပ်ရန်နှင့် လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပန်းတနော်မြို့ရှိ Global Earth Agro and Aqua ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ပြည်ပသို့တင်ပို့ရန်အတွက် ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နေမှု အဆင့်ဆင့်နှင့် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုအားပေးကာ ပြည်ပဈေးကွက်ရရှိအောင် ဆောင်ရွက်ရန်၊ မှန်ကန်သည့် ကုန်သွယ်မှုဖြစ်ပေါ်စေရေးနှင့် ဒေသတွင်း ကုန်သွယ်ဖက်နိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပူးပေါင်းချိတ်ဆက်၍ ရေထွက်ကုန်ပစ္စည်းများတင်ပို့နိုင်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်ဝစေရန်တို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးရုံးတွင် ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းတာဝန်များကို စေတနာထားဆောင်ရွက်ကြရန်၊ အဂတိ လုံးဝကင်းရှင်းရန်နှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စွမ်းအားပြည့်ဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ ရှမ်းပြည်နယ်(တောင်ပိုင်း) စဉ်ဆက်ပညာရေးလုပ်ငန်း၏စာသင်ဝိုင်းများ လှည့်လည်ကြည့်ရှုအားပေး



နေပြည်တော် ဇန်နဝါရီ ၆

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ လှိုင်ကော် ပညာရေး ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး၊ တောင်ကြီး ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ရှမ်းပြည်နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် ကျောက်တစ်လုံးကြီးမြို့နယ်ခွဲ အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် စဉ်ဆက်ပညာရေးလုပ်ငန်း၏ စာသင်ဝိုင်းများကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှု အားပေးစဉ် ပြည်ထောင်စုဝန်ကြီးက စဉ်ဆက်ပညာရေး၏ စာသင်ဝိုင်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်တို့တွင် ဖွင့်လှစ်သင်ကြားနေပါကြောင်း၊ စာသင်သားများအနေဖြင့် အမှန်တကယ်စာတတ်မြောက်အောင် ဆက်လက်ကြိုးစားသင်ယူကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့သည် စာသင်သားပြည်သူများ၏ စာတတ်မြောက်မှုစွမ်းရည်ကို အားပေးကြည့်ရှု၍ စားသောက်ဖွယ်ရာများနှင့် သင်ထောက်ကူ ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာစာသင်ဝိုင်း ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

စဉ်ဆက်ပညာရေးလုပ်ငန်းတွင် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်၊ ဝင်ငွေတိုးပွားရေး အစီအစဉ်နှင့် ဘဝသာယာရေးပညာပေးအစီအစဉ်များပါရှိပြီး ဦးတည်အုပ်စုအနေဖြင့် အသက် (၁၅) နှစ်နှင့်အထက် အရွယ်များကို သတ်မှတ်သင်ကြားခြင်းဖြစ်သည်။ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့နယ်သုံးခုတွင် စာသင်သားပေါင်း ၄၁၆ ဦးကို နည်းပြ၊ ကြီးကြပ်ပေါင်း ၉၈ ဦးတို့က တစ်ရက်လျှင် ပျမ်းမျှ သုံးနာရီနှုန်းဖြင့် နာရီပေါင်း ၂၇၀၊ ရက်အားဖြင့် ရက် ၉၀ ကြာ သင်ကြားပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် ဂနိုင်ထော အခြေခံပညာအလယ်တန်းကျောင်း၊ လုံကားအခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ အဆိုပါဒီဂရီကောလိပ်ရှိ ကမ္ဘောဇခန်းမ၌ လှိုင်ကော်ပညာရေးဒီဂရီကောလိပ်၊ တောင်ကြီးပညာရေး ဒီဂရီကောလိပ်တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက လှိုင်ကော်ပညာရေးဒီဂရီကောလိပ်နှင့် တောင်ကြီးပညာရေးဒီဂရီကောလိပ်တို့သို့ အာဟာရစားသောက်ကုန်နှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများက လက်ခံရယူကြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ထောက်ပံ့ငွေနှင့် အဝတ်အထည်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်မှူးတို့က ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က လှိုင်ကော်ပညာရေး ဒီဂရီကောလိပ်နှင့် တောင်ကြီး ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍အားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့ အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁၂) အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းအတွင်း တည်ဆောက်နေသည့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်း၌ ဝက်အူချောင်းအသုံးပြုသည့်အစားအစာများ ထုတ်လုပ်နိုင်မည်ဆိုပါက ဝက်အူချောင်းဈေးကွက် ပိုမိုကျယ်ပြန့်လာနိုင်

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ပကိုတင်ပို့မှုနည်းသော်လည်း ပြည်တွင်း၌ ဝက်အူချောင်းအသုံးပြုသည့် အစားအစာများ ထုတ်လုပ်နိုင်မည်ဆိုပါက ဈေးကွက်ပိုမိုကျယ်ပြန့်လာနိုင်ကြောင်း ဝက်အူချောင်းထုတ်လုပ်သည့်လုပ်ငန်းအသိုင်းအဝိုင်းမှ သိရသည်။

"ပြည်တွင်းမှာလည်း ဝက်အူချောင်းနဲ့ပတ်သက်တဲ့ အစားအစာတွေထုတ်မယ်ဆိုရင် ဈေးကွက်ကတော့ကျယ်လာနိုင်တယ်။ ထုပ်ပိုးမှုတွေ စနစ်ကျမယ်ဆိုရင် ဈေးကွက်ထဲဖြန့်လို့ရတယ်" ဟု ဝက်အူချောင်းထုတ်လုပ်သည့် လုပ်ငန်းပိုင်ရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ ဝက်အူချောင်းစားသုံးမှု ပြည်တွင်း၌ ပိုမိုများပြားပြီး ပြည်ပဈေးကွက်သို့ ဝက်အူချောင်းတင်ပို့မှုနည်းပါးနေသေးကြောင်းနှင့် ပြီးခဲ့သည့်ခြောက်လကျော်အတွင်း ဝက်အူချောင်းဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

"လောလောဆယ် ပြည်တွင်းမှာပဲ ဈေးကွက်ရှိတယ်။ ဈေးကွက်က ပြည်တွင်းမှာ အဆင်ပြေပြီး လက်ရှိမှာ စားသုံးမှုပိုများတယ်။ ဈေးကတော့ ၂၀၂၃ ခုနှစ် ဒုတိယနှစ်ဝက်မှာ ဈေးတက်လာတာရှိတယ်"ဟု ဝက်အူချောင်း လက်လီလက်ကားရောင်းဝယ်နေသူတစ်ဦးက ဆိုသည်။

ဝက်အူချောင်းအမျိုးအစားများတွင် အသားသီးသန့်၊ အဆီအသားစသည်ဖြင့်ရှိကာ အသားတစ်ပိဿာလျှင် လက်ရှိပေါက်ဈေး ငွေကျပ် ၄၅၀၀၀၊ အဆီအသားပါ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၀ ရှိကြောင်း သိရသည်။

**သစ်တော်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံနှင့် လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံတို့တွင် နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများတက်ရောက်၍ ပြည်သူ့ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့သည် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



**လှည့်လည်ကြည့်ရှု**

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးက ဧည့်သည်တော်များအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို ပေးအပ်သည်။ ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် နှစ်ထပ်ကုသဆောင်သစ်အတွင်းရှိ လူနာခန်းများ၊ ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုကာ လူနာများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ အဆောက်အအုံသစ်ကို ရေရှည်သန့်ရှင်းသပ်ရပ်စွာ တည်တံ့စေရေးအတွက် ဆက်လက်ထိန်းသိမ်းသွားကြရန်၊ ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ကြရန်၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကွင်းဆင်းကုသမှုများ ဆောင်ရွက်ကြရန် မှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်ကုသဆောင်သစ်သည် စတုရန်းပေ ၁၈၆၀၀ ကျယ်ဝန်းပြီး စီမံကိန်းတန်ဖိုးငွေကျပ် ၅၃၆ ဒသမ ၅ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ကာ လူနာဆောင်များ၊ ခွဲစိတ်ခန်းများ၊ သားဖွားခန်းနှင့် ဆေးပေးခန်းတို့ ပါဝင်သည်။

ဆက်လက်၍ လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးက ဧည့်သည်တော်များအား ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ကာ နှစ်ထပ်ကုသဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြပြီး နိုင်ငံတော်က နှစ်စဉ် ထောက်ပံ့ပေးအပ်သော ရန်ပုံငွေများကို ပြည်သူများရရှိခံစားနိုင်စေရေး အကျိုးရှိစွာ အသုံးပြုကြရန်၊ လူနာများ စိုက်ထုတ်ကုန်ကျငွေ သက်သာစေရေးအတွက် အဓိက ဆေးဝါးများ ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်ရန် မှာကြား၍ ဆေးရုံတက်ရောက်နေသော လူနာများအား တွေ့ဆုံနှုတ်ဆက်ကာ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံတွင် ယနေ့ဖွင့်လှစ်သည့် ကုသဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံ ၈၆ ပေ ကျယ်ဝန်းပြီး စီမံကိန်းတန်ဖိုး ငွေကျပ် ၂၂၉ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ပြီး လူနာဆောင်များ၊ ခွဲစိတ်ခန်းများနှင့် ဆေးပေးခန်းများ ပါဝင်ကြောင်း သိရသည်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဲကုန်းမြို့နယ် အင်းမတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း အရေးပေါ်လူနာဌာန၊ လူနာဆောင်များ၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆေးစတိုတို့ကို လှည့်လည်ကြည့်ရှုပြီး လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် အင်းမတိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဝက်ပုတ်ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်၍ ပြင်ပလူနာဆေးကုသမှု၊ မီးဖွားခန်း၊ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေး



**မုံရွာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားသည်။

ယင်းနောက် မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်သင်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးနှင့် ပတ်သက်၍ ဘာသာရပ်အလိုက် ပို့ချမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာတက္ကသိုလ်ရှိ ရူပဗေဒဌာနစာသင်ဆောင်နှင့် မြန်မာစာဌာန စာသင်ဆောင်တို့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆွေးနွေးပို့ချနေမှုများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဧယျာသီရိခရိုင် ပညာရေးမှူးရုံး ပညာရေးစုံညီပွဲတော် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဧယျာသီရိခရိုင် ပညာရေးမှူးရုံး ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းထူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဧယျာသီရိခရိုင်ပညာရေးမှူး ဦးရဲသူရခင်စိုးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နေပြည်တော် တိုင်းပညာရေးမှူးရုံးမှ တိုင်းပညာရေးမှူး ဒေါက်တာကျော်လွင်နှင့် တာဝန်ရှိသူများက ဧယျာသီရိခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများက တေးသရုပ်ဖော်အကများနှင့် တေးသီချင်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမှုကို ကြည့်ရှုအားပေးပြီး ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံး မြို့နယ်ဆုများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘက်စုံလူရည်ချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ ခရိုင်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ဧယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ဝင်းထူးနှင့် တာဝန်ရှိသူများက သီဆိုဖျော်ဖြေသွားကြသည့် ကျောင်းသား ကျောင်းသူများအား ဆုကြေးငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဧယျာမြေ)



# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့ရှိ ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နေဝင်းဦးက အမှာစကားပြောကြားပြီး ဝိဇ္ဇာဘာသာရပ် သိကောင်းစရာများကို မြန်မာစာ ပါမောက္ခ/ဌာနမှူး ဒေါက်တာသင်းသင်းစိုး၊ သိပ္ပံဘာသာရပ်သိကောင်းစရာများကို သတ္တဗေဒ ပါမောက္ခ/ဌာနမှူး ဒေါက်တာဥမ္မာသန်းနှင့် သင်တန်းရေးရာဌာနမှူး ဒေါ်သက်သက်ဝေတို့က ရှင်းလင်းပြောကြားခဲ့သည်။

ဝင်းတင်ဝင်း

# ၂၀၂၄ နှစ်သစ်အစမှာ ဂျပန်နိုင်ငံ ရင်ဆိုင်ခဲ့ရတဲ့ မြေငလျင်ကြီး

**တက္ကသိုလ်မောင်ရှုပ**

**နှစ်သစ်တစ်ခုကို စတင်ကူးပြောင်းတဲ့ ပထမဆုံးနေ့မှာ တစ်နိုင်ငံလုံးမှာရှိကြတဲ့ ဂျပန်လူမျိုးတွေဟာ မိသားစုလိုက် ဘုရားကျောင်းကိုသွားပြီး အရိုအသေ အလေးအမြတ်ပြုမှုနဲ့ လာမယ့်နှစ်တစ်နှစ်လုံးမှာ ပျော်ရွှင်ချမ်းမြေ့မှု၊ ကျန်းမာချမ်းသာမှု၊ ကြွယ်ဝချမ်းသာမှုနဲ့ လုပ်ငန်းကိုင်ငန်းတွေမှာ အစစအရာရာအဆင်ပြေမှုရှိစေဖို့ ဆုတောင်းကြလေ့ရှိပါတယ်။ ဂျပန်လိုတော့ ဟတ်ဆူမိုဒေး (Hatsumode) လို့ ခေါ်တဲ့ ဓလေ့ထုံးစံတစ်ခုဖြစ်ပါတယ်။ ဇန်နဝါရီလ ၁ ရက်နေ့ဟာ ဂျပန်နိုင်ငံမှာ တရားဝင်ရုံးပိတ်ရက်ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် နှစ်သစ်အစ ဇန်နဝါရီလ ၁ ရက်နေ့ကလည်း ထုံးစံအတိုင်း ဘုရားကျောင်းကန်တွေမှာ လူစည်ကားခဲ့ပါတယ်။ တစ်နှစ်ပတ်လုံး တည်ငြိမ်အေးချမ်းမှုရရှိစေဖို့ ဆုတောင်းခဲ့ကြတဲ့ ဂျပန်လူမျိုးတွေကို အနှောင့်အယှက်ဖြစ်စေခဲ့တဲ့ ဖြစ်စဉ်ကြီးတစ်ခုကတော့ ဇန်နဝါရီလ ၁ ရက်နေ့မှာပဲ ဖြစ်ပွားခဲ့ပါတယ်။**

### အင်အားပြင်းမြေငလျင်ကြီး

အဲဒီဖြစ်စဉ်ကတော့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ ညနေပိုင်း ဂျပန်စံတော်ချိန် ၁၆:၁၀ နာရီမှာ ဂျပန်နိုင်ငံအနောက်ဘက် ဂျပန်ပင်လယ်ပြင်ကို မျက်နှာမူနေတဲ့ အီရှိကာဝါပြည်နယ် (Ishikawa Prefecture) မှာရှိတဲ့ နိုတိုကျွန်းဆွယ် (Noto Peninsula) ကို ဗဟိုပြုပြီး အင်အားပြင်းထန်တဲ့ ရစ်ချ်တာစကေး အဆင့် ၆ ဒသမ ၇ ရှိ မြေငလျင်ကြီး လှုပ်ခတ်ခဲ့ခြင်း ဖြစ်ပါတယ်။ မြေငလျင်ရဲ့ ပြင်းအားပမာဏ ကြီးမားတာကြောင့်ရယ်၊ ဂျပန်ပင်လယ်ပြင်ကို ဗဟိုပြုနေတဲ့ ကမ်းရိုးတန်းဒေသမှာ လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြီးဖြစ်လို့ နောက်ဆက်တွဲ ဆူနာမီရေလှိုင်းကြီးတွေ ဖြစ်ပေါ်လာနိုင်တာကြောင့် ဂျပန်မိုးလေဝသ အေဂျင်စီဟာ အီရှိကာဝါပြည်နယ်၊ နိုတိုဒေသ၊ ယာမာဂါတာ၊ နီဂါတာ၊ တိုးယာမ၊ ဖူကူအီ၊ ဟိုဂို ပြည်နယ်တွေအတွက် ဆူနာမီသတိပေးချက်တွေ ချက်ချင်းထုတ်ပြန်ခဲ့ရပါတယ်။ အဲဒီပြည်နယ်အတွင်းရှိ ကမ်းခြေနဲ့နီးစပ်တဲ့ဒေသတွေမှာ နေထိုင်နေကြတဲ့ ပြည်သူတွေအနေနဲ့ ကုန်းမြင့်ဒေသတွေဆီကို ပြောင်းရွှေ့နေထိုင်ကြဖို့လည်း သတိပေးချက်တွေ အဆက်မပြတ် ထုတ်လွှင့်ခဲ့ပါတယ်။



နှစ်စဉ် ဇန်နဝါရီလ ၁ ရက်နေ့သည် ဂျပန်လူမျိုးများ ဘုရားကျောင်းများသို့ သွားရောက်ဝတ်ပြုဆုတောင်းကြသည့်နေ့ ဖြစ်သည်။

အီရှိကာဝါပြည်နယ် ဆူဇုမြို့မှာတော့ အမြင့် ၁ ဒသမ ၂ မီတာရှိတဲ့ ဆူနာမီရေလှိုင်းတွေ ရိုက်ခတ်မှုရှိခဲ့တာကလွဲရင် ပြင်းထန်တဲ့ ဆူနာမီရေလှိုင်းတွေ မဖြစ်ပေါ်ခဲ့တာကြောင့် သတိပေးချက်တွေကို ဇန်နဝါရီလ ၂ ရက်နေ့မှာ ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ မြေငလျင်ကြောင့် အီရှိကာဝါပြည်နယ်အတွင်းမှာရှိတဲ့ မြို့တွေမှာ အိမ်တွေပြိုကျပျက်စီးမှု၊ မီးလောင်ကျွမ်းမှုတွေ ဖြစ်ပွားခဲ့သလို အနီးအနားပတ်ဝန်းကျင်က ပြည်နယ်အချို့မှာလည်း အိမ်တွေပြိုကျပျက်စီးမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ ဒါ့အပြင် မော်တော်ကားလမ်းတွေမှာလည်း အက်ကြောင်းကြီးတွေ ဖြစ်ပွားခဲ့တာကြောင့် လမ်းပန်းဆက်သွယ်မှုကိုလည်း ထိခိုက်စေခဲ့ပါတယ်။ ဆူဇုဆိပ်ကမ်းမြို့မှာ ငါးဖမ်းလှေ အများအပြား ပျက်စီးဆုံးရှုံးမှုရှိခဲ့ပါတယ်။ ဇန်နဝါရီလ ၅ ရက်နေ့အထိ စာရင်းများအရ လူပေါင်း ၉၂ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ၂၄၂ ဦး ပျောက်ဆုံးနေဆဲဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိသူ အများအပြားရှိခဲ့ပါတယ်။ ပြိုကျပျက်စီးတဲ့ အဆောက်အအုံတွေထဲမှာ ပိတ်မိနေနိုင်တဲ့သူတွေ ရှိနေနိုင်တာကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ယခုအချိန်အထိ ဆောင်ရွက်နေကြဆဲ ဖြစ်ပါတယ်။

**ဂျပန်နိုင်ငံဟာ ငလျင်ဒဏ်ကို မကြာခဏကြုံတွေ့ခံစားရတာကြောင့် အရာရာတိုင်းကို စနစ်တကျတွက်ချက်ဆောင်ရွက်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ငလျင်လှုပ်ပြီဆိုတာနဲ့ အန္တရာယ်ရှိနိုင်မှုအနေအထားပေါ်မူတည်ပြီး မြန်နှုန်းမြင့်အရှိန်နဲ့ မောင်းနှင်နေတဲ့ကျည်ဆန်ရထားတွေ အလိုအလျောက်ရပ်တန့်သွားစေမယ့် အာရုံခံစနစ်တွေ၊ ပြည်သူလူထုကို ရုပ်မြင်သံကြား၊ ရေဒီယိုနဲ့ ရပ်ကွက်အလိုက် အသိပေးနိုင်မယ့်စနစ်တွေ စီစဉ်ထားရှိပါတယ်။ အဆောက်အအုံတွေ ဆောက်လုပ်ရာမှာလည်း သတ်မှတ်ထားတဲ့ စံနှုန်းစံထားဆိုင်ရာဥပဒေ (The Building Standards Law) ကို ငလျင်ပြင်းအားပမာဏ ၆ (သို့မဟုတ်) ၇ အထိ ခံနိုင်ရည်ရှိရမယ့် ပြင်ဆင်ချက်ကို ၁၉၈၁ ခုနှစ်မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ကလေးသူငယ်၊ ကျောင်းသူ ကျောင်းသားတွေ အပါအဝင် ပြည်သူလူထုကိုလည်း ငလျင်လှုပ်လာရင် ဆောင်ရန်၊ ရှောင်ရမယ့်အချက်တွေကိုလည်း အမြဲတမ်းအသိပေးလျက်ရှိသလို လေ့ကျင့်မှုတွေလည်း မကြာခဏပြုလုပ်လေ့ရှိပါတယ်။ တစ်နည်းအားဖြင့် ငလျင်ကို ရင်ဆိုင်နိုင်အောင် စနစ်တကျပြင်ဆင်ထားတဲ့နိုင်ငံဖြစ်**

### ဂျပန်အစိုးရ၏တုံ့ပြန်မှု

နိုတိုကျွန်းဆွယ် မြေငလျင်ကြီးလှုပ်ခတ်ပြီး မကြာခင်အချိန်မှာပဲ ဂျပန်အစိုးရဟာ အရေးပေါ်သဘာဝဘေးထိန်းချုပ်ရေးကွပ်ကဲမှုရုံးချုပ် (Emergency Disaster Control Headquarters) ကို ဖွဲ့စည်းခဲ့ပါတယ်။ ကွပ်ကဲမှုရုံးချုပ်ဖွဲ့စည်းမှုနဲ့အတူ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ တပ်ဖွဲ့ဝင်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ အရေးပေါ်ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးအဖွဲ့တွေကို ချက်ချင်းစေလွှတ်ခဲ့ပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေ၊ ထိခိုက်ခဲ့သူတွေကို ကူညီကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ကြောင်း ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ပြောကြားခဲ့ပါတယ်။ ဝန်ကြီးချုပ်ကီရှီဒါက မြေငလျင်လှုပ်ခတ်ခဲ့တဲ့ဒေသမှာ အပျက်အစီးတွေ များပြားကြောင်း၊ အဆောက်အအုံပြိုကျပျက်စီးမှုတွေရှိကြောင်း၊ အသက်ဆုံးရှုံးမှုတွေနဲ့ ထိခိုက်ဒဏ်ရာရရှိမှုတွေရှိကြောင်း သတင်းရရှိတဲ့အတွက် ၎င်းအနေနဲ့ သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေဆီက အကူအညီတောင်းခံမှုတွေကို စောင့်ဆိုင်းမနေဘဲ လုပ်ပေးစရာရှိတဲ့ အကူအညီတွေကို ချက်ချင်းဆောင်ရွက်ပေးဖို့ push-type assistance ပုံစံနဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

အစိုးရအဖွဲ့၊ အတွင်းရေးမှူးချုပ် ယိုရှိမာဆာ ဟာယာရှီကလည်း အစိုးရအနေနဲ့ လူပေါင်း ၅၇၃၆၀ ကို ကယ်ဆယ်ရေးစခန်း ၉၅၅ ခုမှာ စောင့်ရှောက်ထားပြီး လိုအပ်တဲ့အကူအညီတွေ ပေးအပ်နေကြောင်း၊ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ တပ်ဖွဲ့ဝင် ၁၀၃၀၊ ရဲတပ်ဖွဲ့ဝင် ၆၃၄ ဦး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၀၃၇ ဦးနဲ့ ကမ်းခြေစောင့်တပ်ဖွဲ့ဝင် ၂၂ ဦးကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ စေလွှတ်ထားကြောင်း ပြောကြားခဲ့ပါတယ်။ သို့သော်လည်း မော်တော်ကားလမ်းတွေ အက်ကွဲပြိုကျမှု၊ တံတားအချို့ပြိုကျမှုတွေကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် အခက်အခဲအချို့ကြုံတွေ့ရကြောင်းလည်း သိရှိရပါတယ်။ ဒါ့အပြင် မြေငလျင်ကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုတွေလည်း ဖြစ်ပွားခဲ့ရာမှာ အိမ်ထောင်စုပေါင်း ၃၂၉၀၀ ဟာ လျှပ်စစ်မီးပြတ်တောက်မှုတွေကို ကြုံတွေ့နေကြရပါတယ်။ မြေငလျင်ကြောင့် Hokuriku နဲ့ Joetsu ရှင်ကန်ဆန် အမြန်ရထားလိုင်းတွေကိုလည်း တစ်စိတ်တစ်ပိုင်း ရပ်နားထားခဲ့ရပါတယ်။

ဂျပန်နိုင်ငံဟာ ငလျင်ဒဏ်ကို မကြာခဏကြုံတွေ့ခံစားရတာကြောင့် အရာရာတိုင်းကို စနစ်တကျ တွက်ချက်ဆောင်ရွက်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ငလျင်လှုပ်ပြီဆိုတာနဲ့ အန္တရာယ်ရှိနိုင်မှု အနေအထားပေါ်မူတည်ပြီး မြန်နှုန်းမြင့်အရှိန်နဲ့မောင်းနှင်နေတဲ့ ကျည်ဆန်ရထားတွေ အလိုအလျောက်ရပ်တန့်သွားစေမယ့် အာရုံခံစနစ်တွေ၊

စာမျက်နှာ ၁၁ သို့ ☆



အီရှိကာဝါပြည်နယ် ဝါဂျီးမားမြို့တွင် မြေငလျင်ကြောင့် ဖြစ်ပွားခဲ့သည့် ပျက်စီးမှုများကို တွေ့ရစဉ်။



မြေငလျင်ကြောင့် မော်တော်ကားလမ်း ပျက်စီးမှုများကို တွေ့ရစဉ်။
(ကားလမ်းပျက်စီးမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အနှောင့်အယှက်ဖြစ်စေခဲ့သည်)


☆ စာမျက်နှာ ၁၀ မှ

ပြည်သူလူထုကို ရုပ်မြင်သံကြား၊ ရေဒီယိုနဲ့ ရုပ်ကွက်အလိုက် အသိပေးနိုင်မယ့်စနစ်တွေ စီစဉ်ထားရှိပါတယ်။ အဆောက်အအုံတွေ ဆောက်လုပ်ရာမှာလည်း သတ်မှတ်ထားတဲ့စံနှုန်းစံထားဆိုင်ရာ ဥပဒေ (The Building Standards Law) ကို ငလျင်ပြင်းအားပမာဏ ၆ (သို့မဟုတ်) ၇ အထိ ခံနိုင်ရည်ရှိရမယ့် ပြင်ဆင်ချက်ကို ၁၉၈၁ ခုနှစ်မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ကလေးသူငယ်၊ ကျောင်းသူကျောင်းသားတွေအပါအဝင် ပြည်သူလူထုကိုလည်း ငလျင်လှုပ်လာရင် ဆောင်ရ၊ ရှောင်ရမယ့်အချက်တွေကိုလည်း အမြဲတမ်းအသိပေးလျက်ရှိသလို လေ့ကျင့်မှုတွေလည်း မကြာခဏပြုလုပ်လေ့ရှိပါတယ်။ တစ်နည်းအားဖြင့် ငလျင်ကို ရင်ဆိုင်နိုင်အောင် စနစ်တကျ ပြင်ဆင်ထားတဲ့နိုင်ငံ ဖြစ်ပါတယ်။

ဒါကြောင့် အခုဖြစ်စဉ်မှာ ဂျပန်အစိုးရဟာ မြေငလျင်လှုပ်ခတ်ပြီးနောက်ပိုင်း အလျင်အမြန်တုံ့ပြန်နိုင်မှုကို ပြသနိုင်ခဲ့ပါတယ်။ ဂျပန်ပြည်သူတွေဟာလည်း ငလျင်နဲ့ပတ်သက်လို့ ဘေးအန္တရာယ်ကြုံတွေ့လာရင် လုပ်ဆောင်ရမယ့် နည်းလမ်းတွေကို သိရှိနားလည်ထားသူတွေ ဖြစ်ပါတယ်။ အသက်ဆုံးရှုံးခဲ့ရသူတွေအတွက် စိတ်မကောင်းဖြစ်ရပေမယ့် ဒီလောက်ပြင်းအားပမာဏကြီးမားတဲ့ မြေငလျင်ကြောင့် လူ ၆၀ ကျော်သာ သေဆုံးခဲ့ရတာဟာ အဆိုးထဲက အကောင်းဖြစ်တယ်လို့ ပြောဆိုနိုင်ပါတယ်။ အခုငလျင်မှာ ထပ်မံကံကောင်းတယ်လို့ ပြောလို့ရတဲ့အချက်က ငလျင်လှုပ်ခတ်ခဲ့တဲ့ အီရှီကာဝါပြည်နယ်မှာ Hokuriku Electric Power Co. ရဲ့ Shika အဏုမြူ ဓာတ်အားပေးစက်ရုံ တည်ရှိနေသလို အနီးအနားက နီဂါတာပြည်နယ်မှာ အဏုမြူဓာတ်အားပေးစက်ရုံ ခုနစ်ရုံရှိနေပေမယ့်လည်း အဏုမြူဓာတ်အားပေးစက်ရုံတွေမှာ ဘေးအန္တရာယ်ကြီးကြီးမားမားဖြစ်စေနိုင်မယ့် မည်သည့်ထိခိုက်မှုမျှ မဖြစ်ပွားခဲ့ခြင်းပဲဖြစ်ပါတယ်။ အခုလို အဏုမြူဓာတ်အားပေးစက်ရုံတွေမှာ ထိခိုက်မှုမရှိခဲ့ခြင်းဟာ ဂျပန်အစိုးရအတွက် များစွာစိတ်သက်သာရစေမယ့် အချက်ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်နေ့က ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ပစိဖိတ်ကမ်းလွန်ကိုဗဟိုပြုပြီး အင်အားအလွန်ပြင်းထန်တဲ့ ရစ်ချ်တာစကေးအဆင့် ၉ ရှိ မြေငလျင်ကြီး လှုပ်ခတ်ခဲ့စဉ်က လူပေါင်း ၁၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသလို ဖူကူရှီးမားခရိုင်အတွင်းမှာရှိတဲ့ အဏုမြူဓာတ်အားပေးစက်ရုံအချို့ ထိခိုက်ခဲ့ခြင်းကြောင့် နောက်ဆက်တွဲပြဿနာတွေကို ဂျပန်အစိုးရဟာ ကိုင်တွယ်ဖြေရှင်းခဲ့ရပါတယ်။ ဖြစ်ပေါ်လာတဲ့ ဆူနာမီရေလှိုင်းကြီးတွေကြောင့် အဏုမြူဓာတ်ပေါင်းဖိုတွေအတွင်း ပင်လယ်ရေတွေဝင်ရောက်ခဲ့ပြီး ဓာတ်ပေါင်းဖိုသုံးခုမှာ အဏုမြူဓာတ်ကြွပစ္စည်းတွေ စိမ့်ထွက်မှုတွေဖြစ်ပေါ်ခဲ့ရပါတယ်။ ဓာတ်ပေါင်းဖိုထဲဝင်ရောက်လာတဲ့ ရေတွေမှာ ရေဒီယိုသတ္တိကြွအိုင်ဆိုတုပ်တွေ စိမ့်ဝင်ခဲ့ပြီး ပစိဖိတ်သမုဒ္ဒရာထဲ ပြန်လည်စီးဝင်ရောက်ရှိခဲ့ပါတယ်။ ဒါ့အပြင် ဓာတ်ပေါင်းဖိုထဲက လောင်စာတွေကို အအေးခံဖို့ နေ့စဉ်ရေတွေ ထည့်သွင်းအအေးခံနေရပြီး ပြန်ထွက်လာတဲ့ ရေဒီယိုသတ္တိကြွရေတွေကိုလည်း ပြန်လည်သန့်စင်ကာ သိုလှောင်ကန်တွေ တည်ဆောက်ပြီး ထိန်းသိမ်းထားခဲ့ရပါတယ်။

ဒီသန့်စင်ပြီးရေတွေကို သိုလှောင်ထားရာမှာ တန်ချိန်ပေါင်း ၁ ဒသမ ၂၅ သန်းကို လှောင်ကန်ပေါင်း ၁၀၀၀ ကျော်နဲ့ သိုလှောင်ထားရသလို ၂၀၁၁ မြေငလျင်ကြောင့် ပျက်စီးသွားတဲ့ ဓာတ်ပေါင်းဖိုသုံးခုကို အအေးခံနေရတဲ့ လုပ်ငန်းစဉ်ကနေ နေ့စဉ် ရေဒီယိုသတ္တိကြွရေတန်ချိန် ၁၅၀ ထွက်ရှိနေပါတယ်။ လှောင်ကန်တွေရဲ့ ရေသိုလှောင်နိုင်မှုပမာဏက တန်ချိန် ၁ ဒသမ ၃၇ သန်းသာရှိတာကြောင့် ၂၀၂၃ ခုနှစ်မှာ လှောင်ကန်တွေပြည့်လာတဲ့အတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ကစပြီး ပစိဖိတ်သမုဒ္ဒရာအတွင်း အသုတ်လိုက် ပြန်လည်စွန့်ပစ်ခဲ့ပါတယ်။ တစ်နည်းအားဖြင့် ၂၀၁၁ ခုနှစ် မြေငလျင်ကြီးလှုပ်ပြီး ၁၂ နှစ် ကြာမြင့်တဲ့အချိန်မှ သန့်စင်ပြီးရေတွေကို ပြန်လည်စွန့်ပစ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုပြန်လည်စွန့်ပစ်နိုင်ဖို့ကလည်း လွယ်လွယ်နဲ့ဖြစ်လာတာမဟုတ်ဘဲ ငွေကြေးအရင်းအမြစ်တွေ၊ နည်းပညာအရင်းအမြစ်တွေ အသုံးပြုခဲ့ရသလို နိုင်ငံရေးအရလည်း ကြီးမားတဲ့အခက်အခဲတစ်ခု ဖြစ်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ




ဇန်နဝါရီလ ၁ ရက်နေ့က လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြီး ဗဟိုပြုရာ အီရှီကာဝါ ပြည်နယ် နိုတိုဒေသ။

(IAEA) က ပြန်လည်သန့်စင်ပြီးရေတွေကို ပင်လယ်ပြင်အတွင်း ပြန်လည်စွန့်ပစ်တဲ့ ဂျပန်အစိုးရရဲ့ အစီအစဉ်ဟာ အပြည်ပြည်ဆိုင်ရာ လုံခြုံစိတ်ချရမှု စံချိန်စံညွှန်းတွေနဲ့ ညီညွတ်မှုရှိပြီး သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိသလောက်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပေမယ့် ဒီသန့်စင်ပြီးရေတွေ စတင်စွန့်ပစ်ခဲ့တဲ့နေ့ကစပြီး ဂျပန်နိုင်ငံမှ ပင်လယ်ထွက်အစားအစာတွေအားလုံးကို တရုတ်နိုင်ငံက တင်သွင်းခြင်းကို လုံးဝပိတ်ပင်ခဲ့ပါတယ်။

ဒါကြောင့် အခုဇန်နဝါရီလ ၁ ရက်နေ့က လှုပ်ခတ်ခဲ့တဲ့ နိုတိုကျွန်းဆွယ်ငလျင်ကြီးကြောင့် အဏုမြူဓာတ်အားပေးစက်ရုံတွေမှာ ထိခိုက်မှုမရှိခဲ့ခြင်းဟာ ဂျပန်အစိုးရအတွက် များစွာစိတ်သက်သာရစေမယ့် အချက်လို့ ပြောကြားနိုင်တာ ဖြစ်ပါတယ်။ အဏုမြူဓာတ်ပေါင်းဖိုတွေသာ ထိခိုက်ခဲ့မယ်ဆိုရင် ၂၀၁၁ ခုနှစ် မြေငလျင်တုန်းကလို နောက်ဆက်တွဲဖြေရှင်းရမယ့် ပြဿနာတွေက ပိုမိုကြီးမားခေါင်းခဲစရာတွေ ဖြစ်လာနိုင်ပါတယ်။

အခုမြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုတွေ၊ ပျက်စီးဆုံးရှုံးမှုတွေအတွက် နိုင်ငံတကာခေါင်းဆောင်တွေ၊ အကြီးအကဲတွေကလည်း ဂျပန်ဧကရာဇ်၊ ဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီးထံကို ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာတွေ ပေးပို့ခဲ့ကြပါတယ်။ လိုအပ်လာခဲ့ရင်လည်း အကူအညီတွေ တတ်နိုင်သလောက် ပေးပို့ကူညီကြမယ့် အနေအထားမှာရှိကြပါတယ်။ သို့သော် ဂျပန်အစိုးရအနေနဲ့ ၂၀၁၁ မြေငလျင်ကြီးကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းခဲ့တဲ့ အတွေ့အကြုံကောင်းတွေရှိနေတာကြောင့် အခုမြေငလျင် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ထိရောက်နိုင်နင်းစွာ ဆောင်ရွက်နိုင်မယ်ဆိုတာ သံသယရှိစရာမလိုတဲ့အချက် ဖြစ်ပါတယ်။

**ဂျပန်လေကြောင်းလိုင်း လေယာဉ်မတော်တဆမှု**

ဂျပန်တစ်နိုင်ငံလုံးဟာ ဇန်နဝါရီလ ၁ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ နိုတိုကျွန်းဆွယ်မြေငလျင်ကြီးအပေါ် အာရုံစိုက်နေကြစဉ်မှာ နောက်ထပ်မမျှော်လင့်ဘဲ အန္တရာယ်ကြီးမားတဲ့ မတော်တဆမှုတစ်ခု နောက်တစ်ရက်မှာ ထပ်မံဖြစ်ပွားခဲ့ပါတယ်။ အဲဒါက ဇန်နဝါရီလ ၂ ရက်နေ့က ဟော့ကိုင်းဒိုးပြည်နယ် Shin-Chitose လေဆိပ်ကနေ တိုကျိုမြို့ Haneda လေဆိပ် ကို ပျံသန်းလာတဲ့ ဂျပန်လေကြောင်းလိုင်း (Japan Airlines) Airbus A 350 ခရီးသည်တင်လေယာဉ်ဟာ Haneda လေဆိပ်အဆင်း ညနေ ၁၇:၅၅ နာရီမှာ ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ရဲ့ Bombadier MA 722 လေယာဉ်နဲ့တိုက်မိပြီး ခရီးသည်တင်လေယာဉ်ဟာ မီးစွဲလောင်ခဲ့တာဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ ခရီးသည်တင်လေယာဉ်ပေါ်ပါရှိတဲ့ ခရီးသည် ၃၇၉ ဦးနဲ့ လေယာဉ်အမှုထမ်းတွေအားလုံးကို အချိန်မီ ကယ်တင်နိုင်ခဲ့ပေမယ့်လည်း Bombadier MA 722 လေယာဉ်ပေါ်ပါရှိတဲ့ လေယာဉ်အမှုထမ်းခြောက်ဦးအနက် ငါးဦးဟာ ကံမကောင်းအကြောင်းမလှဘဲ အသက်ဆုံးရှုံးခဲ့ရပါတယ်။

ဒီဖြစ်စဉ်မှာ ပါဝင်ခဲ့တဲ့ Bombadier MA 722 လေယာဉ်ဟာလည်း နိုတိုကျွန်းဆွယ်မြေငလျင်ကြောင့် ထိခိုက်ခံစားခဲ့ရသူတွေအတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ သွားရောက်မယ့်လေယာဉ် ဖြစ်တယ်လို့ သိရှိရပါတယ်။ ဒါကြောင့် ဒီလေယာဉ်မတော်တဆမှုဖြစ်စဉ်ဟာလည်း နိုတိုမြေငလျင်နဲ့ တစ်နည်းတစ်ဖုံ ဆက်စပ်နေတဲ့ဖြစ်စဉ်ဖြစ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ အခုလို ၂၀၂၄ ခုနှစ် နှစ်သစ်အစမှာ အခုလိုသဘာဝဘေးအန္တရာယ်နဲ့ မတော်တဆမှုတွေ ဖြစ်ပွားမှုအပေါ် များစွာစိတ်မကောင်းဖြစ်မိပါကြောင်းနဲ့ ရှေ့ဆက်ရမယ့်ခရီးမှာ ကံကောင်းခြင်းတွေနဲ့သာ ကြုံတွေ့ပါစေရန် မိတ်ဆွေနိုင်ငံမှ ပြည်သူတစ်ဦးအနေနဲ့ ဆုတောင်းပေးလိုက်ပါတယ်။ ။

**ရည်ညွှန်း**

- Japan’s news resources (Japan Times, Japan News, Nikkei Asia, Kyodo News, Japan Today)
- ဖူကူရှီးမားစွန့်ပစ်ရေနှင့် နောက်ဆက်တွဲ အကျိုးဆက်များ (တက္ကသိုလ်မောင်ရှုပ) (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃-၄ ကြေးမုံသတင်းစာ)



တိုကျိုမြို့ လေဆိပ်တွင် ဇန်နဝါရီလ ၂ ရက်နေ့က ဂျပန်လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်နှင့် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ပိုင်လေယာဉ်တို့ တိုက်မိပြီးနောက် ခရီးသည်တင်လေယာဉ် မီးစွဲလောင်နေစဉ်။

# ကော့မှူး၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ကော့မှူး ဇန်နဝါရီ ၆**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်တွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က လာဝတီကျေးရွာလမ်း မုခ်ဦးရှေ့၌ ကျင်းပသည်။

ဦးစွာ ကော့မှူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးထွန်းဇော်မင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ကွန်ကရစ်လမ်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လာဝတီကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဘဏ္ဍာရေးမှူး ဦးအေးနိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်ကို တိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ကော့မှူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးထွန်းဇော်မင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး(VDP) လုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လမ်းအရှည်ပေ ၃၂၀၊ အကျယ် ကိုးပေနှင့် ဒု ခုနစ်လက်မ တစ်လမ်း၊ လမ်းအရှည်ပေ ၅၁၀၊ အကျယ်ခုနစ်ပေ၊ ဒု ခုနစ်လက်မ တစ်လမ်း စုစုပေါင်းလမ်းနှစ်ခုကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်သူရ(ပြန်/ဆက်)**



# E-Market Platform ပေါ်ရှိ MSME ထုတ်ကုန် အရောင်းပြခန်းများမှ တာဝန်ရှိသူတို့၏ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း
ညိမ်းသူ (သတင်းစဉ်)
ဓာတ်ပုံ - ရဲထွန်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်ရှိ MSME Center ခန်းမ၌ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ကြီးမှူး၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ပိုမိုကျယ်ပြန့်စွာ ရရှိစေရန်နှင့် ဒစ်ဂျစ်တယ်စနစ်တွင် လိုက်ပါဆောင်ရွက်နိုင်ရန် E– Market Platform ပေါ်ရှိ MSME ထုတ်ကုန် အရောင်းပြခန်းများဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ အဆိုပါပြပွဲမှ MSME လုပ်ငန်းများ အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်နေကြသည့် တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်တွင်းစကားသံများကို စုစည်းတင်ပြလိုက်ပါသည်။

**ဦးသိန်းဆွေ**
**(စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)**

ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်မှာ စတင်ပြီး ကျွန်တော်တို့ MSME လုပ်ငန်းတွေက ထုတ်ကုန်တွေကို အွန်လိုင်းကနေ အားလုံးပါဝင်ပြီး ရောင်းချဖို့ One Stop Service အနေနဲ့ E–Market Platform ကို တည်ထောင်ခဲ့တာဖြစ်ပါတယ်။ အွန်လိုင်းကနေဝယ်ယူသူတွေက မြေပြင်မှာရွေးချယ်ဝယ်ယူလိုတဲ့ ဆန္ဒတွေ၊ တောင်းဆိုတာတွေရှိလာတာကြောင့် E–Market Platform ပေါ်မှာ ရောင်းချနေတဲ့ လုပ်ငန်းရှင်တွေရဲ့ထုတ်ကုန်တွေကို တစုတစည်းတည်း ပြသရောင်းချနိုင်ဖို့ Show Room ကို ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ အွန်လိုင်းပေါ်က ရောင်းချနေတာ ၂၁၁ ဦးမှာ ၁၁၇ ဦးက ယနေ့မှာ ပြသရောင်းချတာပါ။ ထုတ်ကုန်အမယ်ပေါင်း ၉၀၆ မျိုးရှိပါတယ်။

MSME ဟာ နိုင်ငံစီးပွားမြင့်တင်တဲ့နေရာမှာ အဓိကမောင်းနှင်အားဖြစ်ပါတယ်။ လုပ်ငန်းကြီးတွေဆိုတာ မျိုးစုံသော ပြောင်းလွယ်ပြင်လွယ်လုပ်ဖို့ဆိုတာ ခက်ခဲမှုရှိပါတယ်။ MSME လုပ်ငန်းငယ်တွေဆိုရင် ပြောင်းတာပြင်တာလုပ်ဆောင်မှုမှာ လျင်မြန်လွယ်ကူပါတယ်။ လုပ်ငန်းကြီးတွေထက် အားသာတဲ့အချက်ပါ။ တိုင်းပြည်ရဲ့ ၉၀ ရာခိုင်နှုန်းကျော်ရှိတဲ့ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် နည်းပညာပေးရမလား၊ ဈေးကွက်ရှာဖွေပေးရမလား၊ ငွေကြေးအရင်းအနှီးရှာဖွေပေးရမလား၊ အခြားဘာတွေ အခက်အခဲရှိနေလဲ၊ ဒီအခက်အခဲတွေကို ကျွန်တော်တို့ဝိုင်းဝန်းပြီး ကူညီဆောင်ရွက်ပေးလိုက်မယ်ဆိုရင် MSME တွေရဲ့ ကဏ္ဍဟာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ MSME ကဏ္ဍ ဖွံ့ဖြိုးလာတယ်ဆိုတာ နိုင်ငံရဲ့ထုတ်ကုန်မြင့်တက်လာတာဖြစ်တာကြောင့် နိုင်ငံရဲ့ GDP တိုးတက်မြင့်မားခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံစီးပွားမြင့်တင်ရေးမှာ MSME ကဏ္ဍတွေကို အားပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်ပါဝင်ပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ကလည်း MSME ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်လမ်းညွှန်ချက်နဲ့အညီ ရှေ့ဆက်လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေအပေါ်မှာ ဖွံ့ဖြိုးတိုးတက်လာအောင် မရပ်မနားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(သဘာဝထုတ်ကုန်လုပ်ငန်းရှင်)**

လွန်ခဲ့တဲ့နှစ် ၂၀ က အခုလုပ်ငန်းကို ပျိုးထောင်ခဲ့တာပါ။ အခုလိုထုတ်ကုန်ပြပွဲဆိုတာ မြန်မာနိုင်ငံမှာ ပထမဆုံးဖွင့်လှစ်တာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူဖို့လည်း ကောင်းပါတယ်။ ကျွန်တော်တို့ထုတ်ကုန်တွေကို မြန်မာပြည်တွင်းမှာလည်း မသိကြတာရှိတယ်။ အခုလိုပွဲမျိုးကို ကျင်းပပေးတဲ့အတွက် လုပ်ငန်းရှင်အချင်းချင်းလည်း ချိတ်ဆက်မိပြီး ဆွေးနွေးတိုင်ပင်လို့ရသွားတယ်။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ လူသုံးကုန်ပစ္စည်းနဲ့ အစားအသောက်တွေ ထုတ်လုပ်ဖို့ အခွင့်အလမ်းတွေ ရစေပါတယ်။

သဘာဝခေါင်းလျှော်ရည်၊ တရော်ကင်ပွန်း၊ ဆံပင်သန်ဆေး၊ စပလင်ခြင်ဆေး၊ ရေဆိုးသန့်စင်ဆေးရည်တို့ကို ပြည်တွင်းက သဘာဝပစ္စည်းတွေနဲ့ ထုတ်လုပ်ဖြန့်ဖြူးနေပါတယ်။ ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်ဖို့ ကြိုးစားနေပါတယ်။ ပြည်ပကို မြန်မာ့ထုတ်ကုန်တွေကို ပြသဖို့လည်း စိတ်အားထက်သန်နေပါတယ်။ မြန်မာနိုင်ငံကုန်ပစ္စည်းတွေကို ထုတ်လုပ်မယ်ဆိုရင် အသေးစားစက်မှုလက်မှုလုပ်ငန်းမှာ မှတ်ပုံတင်ဖို့လိုပါတယ်။ ပြီးရင် MSME မှာ Member ဝင်ပြီးတော့ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ အားပေးပါတယ်။

**ဦးမြင့်သိန်း**
**(ငှက်ပျောလျှော်လုပ်ငန်းရှင်)**

ကျွန်တော်က ငှက်ပျောလျှော်ကနေ အင်္ကျီ၊ အိတ်၊ ဖိနပ်၊ ပိတ်စ ထုတ်လုပ်နေပါတယ်။ MSME နဲ့ ပြပွဲတွေ၊ လုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးကပြပွဲမှာ ကျွန်တော့်ရဲ့ထုတ်ကုန်တွေကို မိတ်ဆက်ပြသတာဖြစ်ပါတယ်။ လုပ်ငန်းရှင်အချင်းချင်းတွေ့ဆုံဆက်သွယ်မှုရရှိစေတဲ့အပြင် E– Marketing ထုတ်ကုန်တွေကို ပြည်သူတွေသိပြီး ဈေးကွက်ကျယ်ပြန့်လာစေတဲ့ အကျိုးကျေးဇူးကိုလည်း ရရှိစေပါတယ်။ ငှက်ပျောကထုတ်လုပ်လို့ရတဲ့ ထုတ်ကုန်တွေကို မြို့ပေါင်း ၂၅ မြို့မှာ သင်တန်းပေးခဲ့ပြီးတော့ ယုံကြည်မှုတည်ဆောက်နေတဲ့ကာလဖြစ်တဲ့အတွက် ၂၀၂၄ ခုနှစ်မှာ ကျယ်ပြန့်တဲ့ဈေးကွက်တစ်ခုရအောင် ကြိုးစားနေပါတယ်။ ပြည်ပပို့ကုန်အတွက် ကျယ်ပြန့်တဲ့ဈေးကွက်ရဖို့ဆိုရင် အချိန်တစ်ခုယူရလိမ့်မယ်လို့ထင်ပါတယ်။ ပိုပြီးကြိုးစားရဦးမှာပါ။ ငှက်ပျောလျှော်ကထုတ်တဲ့ကုန်ပစ္စည်းတွေကို ထိုင်းနိုင်ငံ ချင်းမိုင်နဲ့ ကမ္ဘောဒီးယားကို တင်ပို့ဖို့စီစဉ်နေတာရှိပါတယ်။ ဂျပန်ဆိုရင်လည်း နမူနာပစ္စည်းပို့ထားပြီးပါပြီ။

MSME လုပ်ငန်းရှင်တွေ လိုအပ်နေတာက နည်းပညာနဲ့ ငွေကြေးပံ့ပိုးမှုပါ။ နည်းပညာအားနည်းရင် ပြည်ပကိုထိုးဖောက်ဖို့ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်ဖို့မလွယ်ပါဘူး။ ဈေးကွက်ကျယ်ပြန့်ဖို့အတွက် စွန့်ဦးတီထွင်ရတာဖြစ်တာကြောင့် ငွေကြေးလိုအပ်ချက်ရှိတယ်လို့ ဆိုတာပါ။ ဒီနေ့ပွဲဟာ ပထမဆုံး စတင်မိတ်ဆက်တာဖြစ်ပေမယ့် စိတ်ဝင်တစားလာကြတာများတယ်။ ပိုမိုကျယ်ပြန့်စည်ကားဖို့ဆိုရင် ပွင့်လင်းမြင်သာပြီး လွတ်လပ်တဲ့ ဝယ်ယူရောင်းဝယ်ခွင့်နဲ့ အများပြည်သူဝင်ထွက်သွားလာမှု အဆင်ပြေတဲ့အခြေအနေတစ်ခုဆိုရင် ဝယ်ယူမှုပိုပြီးများလာမှာပါ။ အခုလို MSME ထုတ်ကုန်တွေကို တစုတစည်းထဲမှာ ပြသရောင်းချနိုင်တဲ့အတွက် နိုင်ငံတော်နဲ့စက်မှုဝန်ကြီးဌာနကို အထူးပဲကျေးဇူးတင်ပါတယ်။

**ဦးလှကြည်**
**(သဘာဝဆေးဖက်ဝင်ကမ်းဇော်ဆီလုပ်ငန်းရှင်)**

ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီးက လုပ်ငန်းရှင်တစ်ဦးပါ။ လွန်ခဲ့တဲ့ လေးနှစ်က ထုတ်ကုန်ပြိုင်ပွဲမှာ တိုင်းဒေသကြီးအနေနဲ့ ဆုရခဲ့ပြီး ဆုရထုတ်ကုန် ၁၀၀ မှာ ရွေးချယ်ခံရတဲ့ သဘာဝဆေးဖက်ဝင်ကမ်းဇော်ဆီ၊ ပရုတ်ဆီ၊ ဒဏ်ကြေလိမ်းဆေးထုတ်ကုန်ကို ဒီနေ့မှာပြသတာပါ။ အခုလိုပြသခွင့်ရတဲ့အတွက် မိမိရဲ့ထုတ်ကုန်ကို ပိုမိုသိရှိပြီးတော့ သဘာဝထုတ်ကုန်ဖြစ်တာကြောင့် အာနိသင်ရှိရှိ သုံးစေချင်ပါတယ်။ ပြသခွင့်ရအောင် စီမံဆောင်ရွက်ပေးတဲ့ ဌာနဆိုင်ရာများနဲ့အားလုံးကို ကျေးဇူးတင်ပါတယ်။ ၂၀၂၃ ခုနှစ်မှာ FDA က ထောက်ခံချက်ရဖို့ကြိုးစားနေပြီးတော့ ပြည်ပပို့ကုန်အတွက်လည်း ပြင်ဆင်နေပါတယ်။ ပထမကမ်းဇော်ဆီကို ရိုးရိုးပဲထုတ်ပြီးတော့ နောက်ပိုင်း ဒဏ်ကြေလိမ်းဆေး၊ ပရုတ်ဆီထုတ်ပါတယ်။ တန်ဖိုးမြှင့်အဖြစ် ခေါင်းလျှော်ရည်၊ အသားအလှဆီ၊ ဆပ်ပြာထုတ်လုပ်ပြီး ဈေးကွက်ချဲ့ထွင်ဖို့လည်းရှိပါတယ်။ ကမ်းဇော်ဆီဟာ အနာအကျက်မြန်ပြီး အစာအိမ်အူလမ်းကြောင်းနဲ့ပတ်သက်တာ၊ အရေပြားပေါ်က အနာတွေကအစ ပျောက်ကင်းပါတယ်။ သုတေသနပြုလုပ်ထားတာမရှိပေမယ့် ကင်ဆာသမားတွေ ယုံကြည်စွာသုံးစွဲနေတာရှိပါတယ်။ အခုလိုပြပွဲမှာ ပြသနိုင်အောင် ကူညီပေးခဲ့တဲ့ ဌာနဆိုင်ရာအားလုံးကို ကျေးဇူးတင်ပါတယ်။


ဦးသိန်းဆွေ


ဦးဝင်းမြင့်အောင်


ဦးမြင့်သိန်း


ဦးလှကြည်


ဒေါ်ခင်စန္ဒာငြိမ်း


ဒေါ်ဇင်နိုင်မြင့်

**ဒေါ်ခင်စန္ဒာငြိမ်း**
**(ခါတော်မီတိုင်းရင်းဆေးနှင့် စားသောက်ကုန်လုပ်ငန်းရှင်)**

MSME ထုတ်ကုန်တွေကို ပြည်တွင်းစားသုံးမှုအပြင် ပြည်ပကိုလည်းပို့နေပါတယ်။ ထုပ်ပိုးမှုအပိုင်းမှာ ပြည်ပနိုင်ငံအချို့က မကြိုက်သေးတာရှိတယ်။ ဥရောပဆိုရင် ဖန်ပစ္စည်းကိုအသုံးများတယ်။ ဒီကပို့တဲ့ပျားရည်ဆိုရင် ဖန်ပုလင်းနဲ့ထုပ်ပိုးပြီးတင်ပို့နိုင်ရင် ဈေးကွက်ပိုလှတာသိပေမယ့် ထုပ်ပိုးပစ္စည်းထုတ်လုပ်ဖို့အခက်အခဲရှိတယ်။ ပြင်သစ်ကိုပို့တဲ့ မြန်မာ့ပျားသံပရာဆိုရင် ပေါင်မုန့်နဲ့တို့စားတယ်၊ ဖျော်စားတယ်။ တောင်ပေါ်သီးမွှေးပျားရည်လည်း ထုတ်ပါတယ်။ ပြည်ပပို့ကုန်မှာ နိုင်ငံခြားသားတွေက လက်ဖက်ခြောက်မှာ စံပယ်ပန်း၊ ကြာဖူး၊ ကြာပန်း၊ ဂန္ဓမာပန်း၊ ကံ့ကော်ပန်း၊ သံမနိုင်ကျောက်မနိုင်၊ တောင်ဆီးဖြူ၊ ကြက်သဟင်း၊ ရှောက်ရွက်၊ ကြာသီးရနံ့တို့ကိုလည်း ကြိုက်ကြတယ်။

ပြည်ပပို့ကုန်ကနေ နိုင်ငံ့စီးပွားမြင့်တင်ရေးကို အထောက်အကူပြုတဲ့အတွက် MSME ထုတ်ကုန်တွေ ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်စေချင်ပါတယ်။ ထုတ်ကုန်အရည်အသွေးကောင်းသော်လည်း ပါကင်ထုပ်ပိုးမှု စက်ပစ္စည်းလိုအပ်ချက်တွေရှိနေပါတယ်။ ကျွန်မတို့နိုင်ငံမှာ MSME လုပ်ငန်းမှာ ထုတ်ကုန်တွေကို အတော်များများ ထုတ်နိုင်ကြတယ်။ အကုန်လုံးလည်း ကြိုးစားကြတယ်။ အာရှမှာဆိုရင် နိုင်ငံတော်တော်များများမှာ ထုတ်ကုန်ပစ္စည်းတွေ ဈေးကွက်မှာ ရှားလာပြီးတော့ ဈေးလည်းကြီးလာတယ်။ မြန်မာနိုင်ငံကပစ္စည်းက ဈေးနှုန်းသက်သာနေတဲ့အတွက် စားသုံးသူအတွက် အဆင်ပြေနေတယ်။ အခုလိုပြပွဲ ဖွင့်လှစ်ပြသနိုင်အောင် ဆောင်ရွက်ပေးတဲ့ အကြီးအကဲများအားလုံး၊ စက်မှုဝန်ကြီးဌာနနဲ့ FDA က ဆရာ ဆရာမတွေ၊ အသင်းအဖွဲ့တွေအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

**ဒေါ်ဇင်နိုင်မြင့်**
**(ငှက်ပျောသီး၊ ငှက်ပျောခြောက်လုပ်ငန်းရှင်)**

ကျွန်မက ပြည်ပကမျိုးယူတဲ့ သီးမွှေးငှက်ပျောသီးကိုစိုက်ပြီး ပြည်ပကိုရေလမ်းကြောင်းကနေပို့ပါတယ်။ ပြီးတော့ ငှက်ပျောခြောက်မျိုးစုံလည်းထုတ်ပါတယ်။ ငှက်ပျောအစိမ်းကြော်၊ အမှည့်ကြော်၊ ဖီးကြမ်းကြော်ဆိုပြီးလည်း ထုတ်ပါတယ်။ ပြည်ပက ဖိလစ်ပိုင်က မျိုးယူပြီး ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မှာ စိုက်ပျိုးထုတ်လုပ်ပြီးတော့ အအေးခန်းနဲ့ နိုင်ငံခြားကို ပထမဆုံး ငှက်ပျောသီးတင်ပို့ခဲ့တာပါ။ ကုန်စည်ပို့ဆောင်တဲ့အခါမှာ လမ်းပန်းဆက်သွယ်ရေးနဲ့ သွားလာရေးဟာလည်း အရေးကြီးပါတယ်။ ကွန်တိန်နာ ပေ ၄၀ ဖြတ်သန်းဖို့၊ ငါးတန်အထက် ဖြတ်သန်းနိုင်ဖို့အတွက် ကွေ့ပတ်ပြီး သယ်ဆောင်ရတာတွေလည်းရှိတယ်။ ငှက်ပျောခြံဘေးမှာပဲ အအေးခန်းထားရှိတာဖြစ်တဲ့အတွက် လျှပ်စစ်အခက်အခဲလည်းရှိနေပါတယ်။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လုပ်ငန်းရှင်နဲ့ ဌာနဆိုင်ရာ တိုက်ရိုက်ထိတွေ့ဆက်ဆံဖို့လိုပါတယ်။ လက်တွေ့လုပ်ဆောင်နေတဲ့ တောင်သူတွေ၊ လုပ်ငန်းရှင်တွေနဲ့ အခုလိုတွေ့ဆုံဖို့တကယ်လိုပါတယ်။ ဒါမှသာ လိုအပ်ချက်ကို တင်ပြဆွေးနွေးလို့ရမှာပါ။ စိုက်ပျိုးရေးကိုအခြေခံတဲ့ မြန်မာနိုင်ငံမှာ မြေယာများစွာရှိနေတဲ့အတွက် တောင်သူတွေအနေနဲ့ စီးပွားဖြစ်လုပ်ငန်းတွေကို ပြောင်းလဲလုပ်ကိုင်သင့်တယ်။

စင်ကာပူ၊ မလေးရှား၊ တောင်ကိုရီးယားကို ငှက်ပျောသီးတင်ပို့တဲ့အခါမှာလည်း ကုန်စည်စီးဆင်းမှုမြန်ဆန်အောင်၊ ဈေးကွက်ပိုမိုခိုင်မာအောင် စီမံဆောင်ရွက်မှုနဲ့အတူ အရည်အသွေးကောင်းတဲ့ ကုန်ကိုတင်ပို့နိုင်ခြင်းဟာ နိုင်ငံရဲ့ MSME လုပ်ငန်းတွေ ပိုမိုအောင်မြင်တိုးတက်လာမယ့် လမ်းစများလည်းဖြစ်ပါတယ်။ ဒီနေ့ပွဲကိုလုပ်ဆောင်ပေးတဲ့အတွက် ပြည်သူသိသွားပြီ၊ ပြည်ပသိအောင် ဆက်လက်လုပ်ဆောင်ဖို့လည်းလိုပါတယ်။ အခုလိုကျင်းပပေးတဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ။

# ကမ္ဘောဒီးယားနိုင်ငံက ယမန်နှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံ ဆွဲဆောင်နိုင်ခဲ့

ဖနောင်ပင် ဇန်နဝါရီ ၆

ကမ္ဘောဒီးယားနိုင်ငံသည် ယမန်နှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံကို ဆွဲဆောင်ခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်း ရရှိခဲ့သည့်ပမာဏ ဒေါ်လာ ၄ ဒသမ ၀၃ ဘီလီယံထက် ၂၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ပြောကြားသည်။

ထို့ပြင် အလုပ်အကိုင်ပေါင်း ၃၀၇၀၀၀ ခန့် ဖန်တီးပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှု ပရောဂျက် ၂၆၈ ခုကို ပြီးခဲ့သောနှစ်တွင် အတည်ပြုခဲ့ကြောင်း ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ပြောကြားသည်။

အဆိုပါစီမံကိန်းများသည် စက်မှုလုပ်ငန်း၊ အခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းတို့ကို အဓိကထား လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွင်း ထိပ်တန်းနိုင်ငံခြားရင်းနှီးမြှုပ်နှံသည့်နိုင်ငံသုံးနိုင်ငံမှာ တရုတ်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၆၆ ရာခိုင်နှုန်းအထိရှိကြောင်း ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ပြောကြားသည်။



ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၊ ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်နှင့် ကမ္ဘောဒီးယား၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်တို့သည် ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုကို ဆွဲဆောင်ရန် အဓိကအချက်ဖြစ်ကြောင်း ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

# ကွန်ဂိုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံး ၃၀၀ သေဆုံးခဲ့

ကင်ရှာဆာ ဇန်နဝါရီ ၆

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး အနည်းဆုံး ၃၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံးအိမ်ခြေ ၄၃၇၅၀ ပြိုကျပျက်စီးခဲ့ကြောင်းလည်း သိရသည်။



ထို့ကြောင့် လူသားချင်းစာနာထောက်ထားမှု အဖွဲ့များအား ကူညီထောက်ပံ့ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်နှင့် နိုင်ငံတကာ သွေးစည်းညီညွတ်မှု တောင်းဆိုနေစဉ် ကွန်ဂိုအာဏာပိုင်များအား ဒုက္ခသည်များအတွက် ရန်ပုံငွေများ တတ်နိုင်သမျှ အမြန်ဆုံးအကူအညီပေးရန် တောင်းဆိုခဲ့ကြောင်းလည်း သိရသည်။

နှစ်စဉ်စက်တင်ဘာလမှ မေလအထိဖြစ်သော မိုးရာသီကာလတွင် ကွန်ဂိုနိုင်ငံ၌ ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှု ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၈ ဘီလီယံအထိ ရောက်ရှိခဲ့

ဟန္နိုင်း ဇန်နဝါရီ ၆

ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ကော်ဖီတန်ချိန် ၁ ဒသမ ၆၁ သန်း တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၈ ဘီလီယံ စံချိန်တင်ဝင်ငွေ ရရှိခဲ့ကြောင်း နိုင်ငံ၏ အထွေထွေစာရင်းအင်းရုံး၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံ၏ အွန်လိုင်းသတင်းစာဖြစ်သော Cong Thuong က ဇန်နဝါရီ ၆ ရက်တွင် သတင်းဖော်ပြခဲ့သည်။ .

ဗီယက်နမ်နိုင်ငံ၏ ၂၀၂၃ ခုနှစ်အတွင်း ကော်ဖီပို့ကုန်ဝင်ငွေသည် ၉ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားသော်လည်း တစ်နှစ်ထက်တစ်နှစ် တန်ဖိုး ၃ ဒသမ ၁ ရာခိုင်နှုန်း တက်လာကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်ကော်ဖီတင်ပို့မှု၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ၂၆၀၄ ဒေါ်လာဖြစ်ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၄ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရသည်။

ဗီယက်နမ်ကော်ဖီတင်ပို့မှုမှ ဝင်ငွေသည် ၂၀၂၄ ခုနှစ်တွင် ဒေါ်လာ ငါးဘီလီယံကျော်ရှိလာမည်ဟု ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်ကို ကိုးကား၍ ပြည်တွင်းမီဒီယာများက ဖော်ပြခဲ့သည်။

ကော်ဖီ ဟက်တာ ၇၁၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိသည့် ဗီယက်နမ်နိုင်ငံသည် ကော်ဖီစိုက်ပျိုးရေိယာအရ ကမ္ဘာပေါ်တွင် အဆင့် (၆) နေရာတွင် ရပ်တည်နေကြောင်းလည်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



# ဘရာဇီးနိုင်ငံ၌ နှစ်သစ်ကူးအားလပ်ရက်အတွင်း ယာဉ်မတော်တဆမှု ၇၂၅ မှု ဖြစ်ပွား၊ ၅၆ ဦး သေဆုံး

ထရီပိုလီ ဇန်နဝါရီ ၆

ဘရာဇီးနိုင်ငံ၌ နှစ်သစ်ကူး အားလပ်ရက်အတွင်း ယာဉ်မတော်တဆမှု ၇၂၅ မှုအထိ ဖြစ်ပွားခဲ့ပြီး ၅၆ ဦး သေဆုံးကာ ၉၀၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖက်ဒရယ်အဝေးပြေး ရဲတပ်ဖွဲ့က ပြောကြားသည်။

နှစ်သစ်ကူးအားလပ်ရက်အတွင်း သေဆုံးမှုနှုန်းသည် ယခင်နှစ်ကထက် ၂၅ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နှစ်သစ်ကူး အားလပ်ရက်အခါသမယသည် ဘရာဇီးနိုင်ငံ၏ အစည်ကားဆုံး ခရီးသွားကာလ ဖြစ်သည်။

အာဏာပိုင်များက အရက်မူးပြီး ကားမောင်းနှင်မှုကို တားမြစ်ရန်အတွက် စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ကာ စည်းကမ်းမဲ့ယာဉ်မောင်း ၃၈၃ ဦးကို ဖမ်းဆီးခဲ့ပြီး ဆေးခြောက် ၅၅၇ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်




# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇမ်ဘီယာနိုင်ငံကို ကာလဝမ်းရောဂါကာကွယ်ဆေး အလုံးရေတစ်သန်း ပံ့ပိုးပေးမည်

ဂျီနီဗာ ဇန်နဝါရီ ၆

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဇမ်ဘီယာနိုင်ငံကို ကာလဝမ်းရောဂါကာကွယ်ဆေးအလုံးရေတစ်သန်း ပံ့ပိုးပေးမည်ဟု ကတိပြုထားကြောင်း သိရသည်။

ကာလဝမ်းရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရာတွင် ကူညီရန်အတွက် ကာလဝမ်းရောဂါကာကွယ်ဆေးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပံ့ပိုးပေးမည်ဟု ကတိပြုထားကြောင်း ဇမ်ဘီယာအမျိုးသား ပြည်သူ့ကျန်းမာရေးအင်စတီကျု၏ ညွှန်ကြားရေးမှူးချုပ် ရိုမာ ချီလန်ဂီ၏ ပြောကြားချက်ကိုကိုးကားပြီး ဇမ်ဘီယာအစိုးရပိုင် တိုင်းမ်အော့ဖ်ဇမ်ဘီယာ သတင်းစာက ဆိုသည်။

ဇမ်ဘီယာနိုင်ငံ၌ ကာလဝမ်းရောဂါကာကွယ်ဆေး ပမာဏ ၇ သန်းခန့် လိုအပ်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကာလဝမ်းရောဂါကူးစက်မှုကို ကာကွယ်တားဆီးရန် ဇမ်ဘီယာနိုင်ငံကို နည်းပညာနှင့် ကာကွယ်ဆေးများအပါအဝင် လိုအပ်သည့်ပစ္စည်းပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ဇမ်ဘီယာနိုင်ငံသည် ကာလဝမ်းရောဂါဖြစ်ပွားမှုကို ရင်ဆိုင်နေရပြီး လူဆာကာမြို့၌ အဆိုးရွားဆုံး ခံစားနေရကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ကာလဝမ်းရောဂါကူးစက်ခံစားရသူ ၄၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၁၅၀ ခန့် ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်မှတ်တမ်းများအရ သိရသည်။

နိုင်ငံ၏ပြည်နယ် ၁၀ ခုအနက် ခြောက်ခုတွင် ခရိုင် ၂၇ ခုခန့်သည် ကာလဝမ်းရောဂါဖြစ်ပွားမှုကို အစီရင်ခံခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

## သနပ်ပင်မြို့နယ်၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအခမ်းအနား ကျင်းပ



သနပ်ပင် ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးကျင်းပသော ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အထက (သနပ်ပင်) ဇီဇဝါခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး သနပ်ပင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းမင်းက ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး အစီအစဉ်များနှင့် ပတ်သက်သည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက်မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယပညာရေးမှူး ဦးနေအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များသည် သဘာဝဘေးအန္တရာယ်ကျရောက်ပါက အသုံးပြုမည့် ရှာဖွေကယ်ဆယ်ရေး ဆက်စပ်ပစ္စည်းများအား လှည့်လည်ကြည့်ရှုပြီး ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး ကစားနည်းများအား လက်တွေ့ သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)

## တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၆

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ကျိုက္ခမီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Nescafe ကော်ဖီထုပ် ၃၆၀၊ PSI Digital Satellite Receiver အလုံး ၈၀၊ Paper Box ဘူး ၄၅၀၊ Woven Fabric Cutting Pieces ၉၇ အိတ် အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Mitsubishi Fuso Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၉၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ဇန်နဝါရီ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မန္တလေးမြို့အဝင် မြစ်ငယ်တံတားအနီး၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကားအပိုပစ္စည်း Spring Leaf ကီလိုဂရမ် ၁၈၀၀၊ Wireless Speaker အလုံး ၁၅၀၊ ML လျှပ်စစ်ရေနွေးအိုး ၉၁၂ လုံး၊ ကားအပိုပစ္စည်း Fuwa Car Roller Bearing အခု ၄၄၀ အပါအဝင် ကုန်ပစ္စည်း ၈၂ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၉၄၂၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် MAM Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၅၉၄၂၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင် စားအုန်းဆီ ၁၈ လီတာပါ ပုံး ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ KENBO CZI ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၅ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၀၂၉၂၂၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## တပ်ကုန်းနှင့် ဒေါပုံမြို့နယ်များတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာအုပ်စု သဲချောင်းကျေးရွာအနီးတွင် နိုင်ထက်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် မင်းနန္ဒာလမ်းမကြီးနှင့် စက်ရုံလမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူ အောင်ကျော်မိုး(ခ)တက်ခါးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



နိုင်ထက်ဦးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၁-၂၀၂၄ တနင်္ဂနွေနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | မြန်မာ့ရိုးရာသာသနာမှုရှင်ပြုအလှူတော်များ |
| ၀၉:၁၅ | ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၁၅) |
| ၁၀:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၀:၁၅ | (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ် 'ရောသံလွင် ချစ်သံစဉ်' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ် |
| ၁၂:၅၀ | MRTV National News |
| ၁၃:၂၀ | ဆေးရောင်စုံရုပ်ရှင် 'ပင်လယ်ကိုဖြတ်၍' (ရန်အောင်၊ နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်) |
| ၁၆:၄၀ | Sports Diary |
| ၁၇:၁၀ | ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ် |
| ၁၇:၃၅ | Economic Review |
| ၁၈:၁၅ | ဘယ်သူမှန်လဲ အပြိုင်ကြ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'သုတေသီပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၂၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဘဝနှင့်အနုပညာ 'မြေလတ်သားရဲ့ အနုပညာခရီးလမ်း' 'အကယ်ဒမီထွန်းထွန်းဝင်း' (အပိုင်း-၃) |
| ၂၁:၁၅ | မြန်မာဗီဒီယိုဇာတ်လမ်း 'မြှားနတ်မောင်ရဲ့ချစ်ပုံပြင်' (နေတိုး၊ အိန္ဒြာကျော်ဇင်) |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Sone Taw Myaing (Takkatho Lae Lae) |
| 07:10 | Myanmar Traditional Brass Embossed Painting |
| 07:30 | Myanmar Traditional Instruments - Myanma Harp (Episode-1) |
| 08:01 | News |
| 08:27 | Famous Ywar Ngan Coffee From Shan Highlands |
| 08:49 | Pwe Kauk Waterfall Resort (BE. FALLS) |
| 09:01 | A Visit To Ye's Coastal Area |
| 09:17 | Moe Ma Kha Elephant Camp (Ngwe Saung) |
| 09:39 | Kayin Traditional White Thread Tying Ceremony(Wrist Tying Ceremony) |
| 09:52 | Paper Flower |
| 10:28 | Historic Of Kyaukka Shwe Gu Ni Pagoda |
| 10:34 | Perspectives: Do we really need that Insurance |
| 11:02 | Myanmar Masterclass: 3D |

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
ကြက်သားသုပ်နှင့်သဘ်ာဥဟင်းရည်

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဝလေ့ရှိရာ (တိုင်းအာဟုမ်၊ တိုင်းလမ်၊ တိုင်းလောင်း၊ တိုင်းထိုင်း)

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
တစ်နိုင်တစ်ပိုင်စပျစ်စိုက်ခင်းဆီ

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားရိုးရာဝက်အူချောင်း

**စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၇)

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ရောသံလွင် ချစ်သံစဉ်တေးဂီတဖျော်ဖြေပွဲ

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ရောသံလွင် ချစ်သံစဉ်တေးဂီတဖျော်ဖြေပွဲ

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ဆေးဖက်ဝင်သခွတ်ပင်

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်မှုဘဝများ (ချင်းကော်ဖီရေးကွက်နှင့် ရှားပါးနေသော ဆပ်ဝါစိုက်ပျိုးခြင်း)

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
နဂါးမောက်သီးရဲ့အကျိုးကျေးဇူး

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၄၅ | Next Level |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၄၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၄၅ | News Desk |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၉) |

**MRTV FARMERS' Channel**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၀ | စိုက်ပျိုးမွေးမြူသုတဘဏ် |
| ၀၆:၁၅ | ဟင်းသီးဟင်းရွက်ပွဲတော်မှသည် တောင်သူဆီသို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | လုတောသားနှင့်ယောကျ်ာမလောင်း (ဇာတ်လမ်း) |
| ၂၂:၀၀ | The Dirge Singer (နိုင်ငံခြားဇာတ်လမ်း) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Weekly Sports Info |
| ၁၆:၃၀ | MNL 2022 Match(Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၈:၄၅ | Weekend News |

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## ပေါင်းတည်မြို့တွင် တပ်မတော်က နေအိမ်အလုံး ၂၀ ကျော် မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ညောင်လေးပင်မြို့ ရေဖြူကန်ကျေးရွာသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိမှုများရှိကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ သစ်ပုတ်ကျေးရွာအုပ်စု တောင်ခမောက်ကျေးရွာရှိ နေအိမ်များကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်က မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် နေအိမ် အလုံး ၂၀ မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပေါင်းတည်မြို့ သစ်ပုတ်ကျေးရွာအုပ်စု တောင်ခမောက်ကျေးရွာ အနီးဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်မှုမရှိခဲ့ကြောင်းနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာရှိ နေအိမ်များအား မီးရှို့ထွက်ပြေးသွားခဲ့ရာမှ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ရေဖြူကန်ကျေးရွာသို့ တပ်မတော်က ပစ်ခတ်သည့်







လက်နက်ကြီးကျည်သည် နာရေးပြုလုပ်နေသည့် နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် ဒေသခံပြည်သူ ရှစ်ဦးသေဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာဖြစ်သည့် Khit Thit Media က သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီခွဲခန့်က လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့များက ရေဖြူကန်ကျေးရွာအတွင်း Drone များအသုံးပြု၍ ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံအပြစ်မဲ့ပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ကျေးရွာနေပြည်သူများအား အကြမ်းဖက် သတ်ဖြတ်ခြင်း၊ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများအား အကြောက်တရားဖြင့် ခြိမ်းခြောက်ငွေတောင်းခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တန့်ဆည်မြို့နယ် စိန်နန်းကျေးရွာနှင့် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးအနီး လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများပြုလုပ်ခဲ့သဖြင့် ထိခိုက်သေဆုံးမှုနှင့် ကျေးရွာအချို့ မီးလောင်ပျက်စီးခဲ့မှုများရှိကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၆


စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် စိန်နန်းကျေးရွာကို ဇန်နဝါရီ ၄ ရက်တွင် တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေယာဉ်နှစ်စင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ကျေးရွာနေပြည်သူများ ထိခိုက်သေဆုံးမှုရှိကြောင်း သတင်းတု၊ သတင်းမှားများကို Khit Thit Media က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ တန့်ဆည်မြို့နယ် စိန်နန်းကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက ဒရုန်းများဖြင့် ကျေးရွာအတွင်းဗုံးကြဲခဲ့ခြင်းကြောင့် ကျေးရွာနေပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးအနီးရှိ ကျေးရွာများကို တပ်မတော်က နေ့၊ ည လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေ၍ ကျေးရွာအချို့ မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကျောက်တော်မြို့ မဟာမုနိဘုရားကြီးအနီးနှင့် ဝန်းကျင်ကျေးရွာများတွင် ထိတွေ့ပစ်ခတ်မှုများမရှိကြောင်းနှင့် AA သောင်းကျန်းသူများက အဝေးမှလက်နက်ကြီး၊ ရှော့တိုက်ဒုံးများဖြင့် တပ်စခန်းရှိရာနေရာများသို့ ပစ်ခတ်တိုက်ခိုက်မှုရှိခဲ့ပြီး ဒေသခံတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့၍ နေအိမ်အချို့ မီးလောင်ကျွမ်းမှုများရှိ




ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မြို့၊ ရွာများ တည်ငြိမ်မှုပျက်ပြားစေရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကိုပျက်စီးစေရန် ရည်ရွယ်လျက် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၊ အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ပေးရန်နှင့် ပြည်သူများက တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Myo Min Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ မျိုးမင်းစိုးနှင့် “Poe Ei Kyaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက်ရပ်ကွက်နေ ပိုးအိကျော် တို့နှစ်ဦးအား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် အမှတ်(၇)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုက်မရောအကျဉ်းထောင်မှ အကျဉ်းသား ၂၁၅ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ကျိုက်မရော ဇန်နဝါရီ ၆

မွန်ပြည်နယ် ကျိုက်မရောအကျဉ်းထောင်မှ အကျဉ်းသား ၂၁၅ ဦးတို့အား ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။



လွတ်ငြိမ်းခွင့်ပြုခဲ့သော အကျဉ်းသားများကို ကျိုက်မရောအကျဉ်းထောင် အစည်းအဝေးခန်းမ၌ ကျိုက်မရောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးဦး၊ ကျိုက်မရော အကျဉ်းထောင်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးနှင့် တာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ပြုပေးရသည့် ရည်ရွယ်ချက်နှင့် မိမိတို့ရပ်ရွာဒေသအကျိုးကို အများနည်းတူ ပူးပေါင်းဆောင်ရွက်ပြီး အေးချမ်းစွာ နေထိုင်သွားရန် ဆုံးမစကား ပြောကြားကာ လွတ်ငြိမ်းခွင့်လက်မှတ်၊ ခရီးစရိတ်နှင့် စားစရိတ်တို့ကို ထောက်ပံ့ပေးအပ်ကာ မိမိတို့ဒေသများသို့ အဆင်ပြေစွာ သွားလာနိုင်ရန် ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျိုက်မရော အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသူများတွင် အမျိုးသား ၁၄၇ ဦး၊ အမျိုးသမီး ၆၈ ဦးတို့ဖြစ်ကြောင်း အကျဉ်းဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။ မြို့နယ်(ပြန်/ဆက်)

## သထုံအကျဉ်းထောင်မှ အကျဉ်းသား ၉၃ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

သထုံ ဇန်နဝါရီ ၆

မွန်ပြည်နယ် သထုံအကျဉ်းထောင်မှ အကျဉ်းသား ၉၃ ဦးတို့အား ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။



လွတ်ငြိမ်းခွင့်ပြုခဲ့သည့် အကျဉ်းသားများကို သထုံအကျဉ်းထောင် အစည်းအဝေးခန်းမ၌ သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလင်း၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်နိုင်၊ သထုံအကျဉ်းထောင်တာဝန်ခံအရာရှိဦးအောင်ခိုင်လတ်နှင့် တာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ပြုပေးသည့်ရည်ရွယ်ချက်နှင့် မိမိတို့ရပ်ရွာအကျိုးကို အများနည်းတူ ပူးပေါင်းဆောင်ရွက်ပြီး အေးချမ်းစွာ ဆက်လက်နေထိုင်ကြရေး ဆုံးမစကားများပြောကြားခဲ့ပြီး ခံဝန်လက်မှတ်ရေးထိုးခြင်း၊ လွတ်ငြိမ်းခွင့်လက်မှတ်၊ ခရီးစရိတ်နှင့် စားစရိတ်တို့ကိုထုတ်ပေးကာ မိမိဒေသသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

## မွန်ပြည်နယ်၌ အကျဉ်းသား အကျဉ်းသူ ၇၉၃ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



မော်လမြိုင် ဇန်နဝါရီ ၆

မွန်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးမှ အကျဉ်းသား ၅၇၁ ဦး၊ အကျဉ်းသူ ၂၂၂ ဦး စုစုပေါင်း ၇၉၃ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အကျဉ်းသား အကျဉ်းသူ ၇၉၃ ဦးကို ဆုံးမစကားပြောကြားပြီး အကျဉ်းသား အကျဉ်းသူများ၏ ထောင်လွတ်လက်မှတ်များထုတ်ပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးကြောင်းလက်မှတ်နှင့် အသိပညာပေးလက်ကမ်းစာစောင်များ ပေးဝေခြင်းနှင့် စားစရိတ်၊ ခရီးစရိတ်များ ထုတ်ပေး၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## ဆားမလောက်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၌ ပြစ်ဒဏ်ကျခံနေသော အကျဉ်းသား ၆၄ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ညောင်တုန်း ဇန်နဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ဆားမလောက် စိုက်ပျိုးမွေးမြူရေးနှင့် အတတ်သင်စခန်းတွင် ပြစ်ဒဏ်ကျခံနေသော အကျဉ်းသား ၆၄ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက စခန်းရှင်းလင်းဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်မျိုးသူ၊ အတွင်းရေးမှူး ရဲမှူး ကျော်မျိုးထက်၊ စခန်းတာဝန်ခံဦးစီးအရာရှိ ဦးစရွှေမင်းသားတို့က အကျဉ်းသားများအား တွေ့ဆုံ၍ ဆုံးမဩဝါဒစကားများပြောကြားပြီး လွတ်ငြိမ်းခွင့်လက်မှတ်များ၊ ခရီးစရိတ်ငွေများနှင့် ထောက်ပံ့ငွေများ ပေးအပ်၍ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မအူပင်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၄၀ အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မအူပင် ဇန်နဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား အကျဉ်းသူ ၁၄၀ အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက အကျဉ်းထောင်ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးလွင်၊ အကျဉ်းထောင်တာဝန်ခံ ဦးစီးအရာရှိ ဦးမျိုးကျော်သူနှင့် တာဝန်ရှိသူများက အကျဉ်းသားများအားတွေ့ဆုံ၍ဆုံးမဩဝါဒစကားများ ပြောကြားပြီး လွတ်ငြိမ်းခွင့်လက်မှတ်များ၊ ထောက်ပံ့ငွေများပေးအပ်ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၃၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၅ | ၂၅၉၀ | ၂၅၆၅ | ၂၆၆၅ | ၂၆၈၀ | ၂၅၇၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၀ | ၂၈၅၀ | ၂၉၀၀ |
| 95 Ron | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၆၉၀ | ၂၆၇၀ | ၂၇၆၅ | ၂၇၈၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၅၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၀ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၃၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၁၄ | ၂၄၉၆ |
| 95 Ron | ၂၅၁၃ | ၂၅၉၇ |
| HSD (500 ppm) | ၂၂၀၇ | ၂၂၈၀ |
| HSD (50 ppm) | ၂၂၈၈ | ၂၃၆၃ |
| HSD (10 ppm) | ၂၂၉၆ | ၂၃၇၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပြည် ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ပြည်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ ကမ်းနားလမ်းထပ်မံတိုးချဲ့ဆောင်ရွက်မည့် မြေနေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကမ်းနားလမ်းတစ်လျှောက် ကျူးကျော်နေထိုင်မှုများမရှိစေရေး၊ စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ် ကြိုးကြပ်ဆောင်ရွက်သွားရန်၊ မြေထိန်းနံရံများ ကြံ့ခိုင်မှုရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်မှုရှိစေရေး၊ ရေတိုက်စားမှုမရှိစေရေး စစ်ဆေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။



### ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ မြို့မဈေးသို့ရောက်ရှိခဲ့ပြီး ဈေးရုံအဟောင်းများ ပြန်လည်အဆင့်မြှင့်တင်နေမှုနှင့် ဈေးရုံကြီးများအကြား ပေါင်းကူးခေါင်မိုး ပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးပေးသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပြည်မြို့ ရွှေဝါထွန်းကုမ္ပဏီလီမိတက်က ထုတ်လုပ်သည့် လက်ဆွဲကောက်စိုက်စက်ဖြင့် ငါးရွာကျေးရွာအုပ်စု၌ နွေစပါး သရုပ်ပြစိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ နိုင်ငံတော်အစိုးရက တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးလျက်ရှိသလို စွန့်ဦးတီထွင် စိုက်ပျိုးရေးကိရိယာထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း လုပ်ငန်းများပိုမိုအောင်မြင်ရေးနှင့် တန်ဖိုးသက်သာစွာထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း ပဲခူးမြို့နှင့် ပြည်မြို့တို့တွင် လုပ်ငန်းရှင်နှစ်ဦးအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ လက်ဆွဲကောက်စိုက်စက်များ ဆောင်ရွက်စေခဲ့ရာ အောင်မြင်မှုများရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဘက်ပေါင်းစုံမှဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများကလည်း မိရိုးဖလာစိုက်ပျိုးနည်းစနစ်များ၊ ပန်းတိုင်အထွက်နှုန်း ထိခိုက်စေသည့် မျိုးဟောင်းများကိုစွန့်ပယ်ပြီး သက်တမ်းတို၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ရဲရဲဝံ့ဝံ့ပြောင်းလဲစိုက်ပျိုးသွားနိုင်ရေး ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်လျက်ရှိသော PK ရေခဲမုန့်နှင့် မုန့်မျိုးစုံထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ပြီး ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းဖြစ်၍ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးရန်၊ ဘေးကင်းလုံခြုံသည့် အစားအစာဖြစ်စေရေး သတ်မှတ်စည်းကမ်းများကို အထူးအလေးထားလိုက်နာရန်နှင့် FDA ထောက်ခံချက်ရရှိစေရေး ဆောင်ရွက်ပေးရန်နှင့် ပြည်ဒေသတွင်းသာမက အခြားဒေသများသို့လည်း တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




# ဒဂုံမြို့သစ်ခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ဒဂုံမြို့သစ်ခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား ခန့်အပ်တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အိမ်ရာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗဟိုအဖွဲ့အထွေထွေအတွင်းရေးမှူး ဦးခင်ဝေနှင့် တိုင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဦးဟန်သိန်းက မုဒိတာစကားပြာကြားပြီး ခရိုင်အလုပ်အမှုဆောင်ခန့်အပ်လွှာများကို ဗဟိုအထွေထွေအတွင်းရေးမှူး၊ တိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ထို့နောက် ဒဂုံမြို့သစ်ခရိုင်ဥက္ကဋ္ဌ ဦးစံငြိမ်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

တင်ဝင်းတင်

# တောင်ငူမြို့နယ်၌ ရိုဘတ်စတာကော်ဖီသီးညှပ်စိုက်ပျိုးနိုင်ရေး အသိပညာပေးဆွေးနွေး

တောင်ငူ ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သစ်တောစိုက်ခင်းများအတွင်း၌ ရိုဘတ်စတာကော်ဖီသီးညှပ်စိုက်ပျိုးနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၃ ရက် မွန်းလွဲပိုင်းက ပသိဟိုတယ်၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြန်မာ့ကော်ဖီလုပ်ငန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဝင်းနောင်က သစ်တောစိုက်ခင်းများအတွင်း ရိုဘတ်စတာကော်ဖီ သီးညှပ်စိုက်ပျိုးခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။



ရိုဘတ်စတာကော်ဖီကို သစ်တောစိုက်ခင်းများအတွင်း သီးညှပ်စိုက်ပျိုးခြင်းဖြင့် သစ်တောပြန်လည်ရရှိခြင်း၊ သစ်တောလုပ်ငန်းရှင်များ အပိုဝင်ငွေရရှိပြီး ပြည်သူများ အလုပ်အကိုင်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)

# ပုသိမ်မြို့၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် ဇန်နဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ပုသိမ်မြို့ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးနိုင်က မိမိနိုင်ငံတွင် လိုအပ်နေသည့် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ယူမှု အခွင့်အလမ်းများ တိုးတက်ရရှိပြီး ဝင်ငွေ တိုးတက်ရရှိစေရန် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိသည့် အတတ်ပညာနှင့် ကျွမ်းကျင်မှုများကိုအသုံးချ၍ လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်နိုင်ကြပြီး ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်နိုင်သည်အထိ ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် သင်တန်းသားများနှင့် စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကလေးအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၅၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

ကလေး ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အကျဉ်းဦးစီးဌာန ကလေးအကျဉ်းထောင်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဇန်နဝါရီ ၄ ရက် ရက်စွဲပါ အမိန့်အမှတ် ( ၁/၂၀၂၄ )၊ ကျင့် ၄၀၁(၁) အရ အမျိုးသား ၄၅ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၅၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးသည့် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက အဆိုပါ အကျဉ်းဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး ကြည်ဝင်းတို့က လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်ကြသည့် အကျဉ်းသားများအား ဆုံးမဩဝါဒစကားပြောကြားသည်။

ထို့နောက်ကလေးအကျဉ်းထောင်မှလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်းက အမှာစကားပြောကြားပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအား ထောင်လွတ်လက်မှတ်၊ စားစရိတ်နှင့် ခရီးစရိတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ကလေး(ပြန်/ဆက်)

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲတက်ရောက်



ပုသိမ် ဇန်နဝါရီ ၆

၂၀၂၃-၂၀၂၄ပညာသင်နှစ် ပထမနှစ်(၂၀၂၃-အောင်)မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ(ပုသိမ်ဇုန်) အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ပြိုင်ပွဲဝင် အားကစားသမားများအား အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်က မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပုသိမ်ဇုန်အသင်း ဖွဲ့စည်းထားရှိမှုနှင့် ပြိုင်ပွဲဝင်ရောက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အားကစားသမားများအား အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

### လေ့လာဆည်းပူးလျက်ရှိ

ပုသိမ်တက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်(၂၀၂၃-အောင်) သစ်လွင်မောင်မယ် ၄၀၉ ဦး တက်ရောက်ပညာလေ့လာဆည်းပူးလျက်ရှိပြီး ပုသိမ်ဇုန်အနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲသို့ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ် အားကစားနည်း ငါးခုတွင် အားကစားနည်းအလိုက် အုပ်ချုပ်၊ နည်းပြ၊ အားကစားသမား စုစုပေါင်း ၇၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## နိုင်ငံပေါင်း ခုနစ်နိုင်ငံအသိအမှတ်ပြု ITPEC စာမေးပွဲအောင်လက်မှတ်နှင့် ထူးချွန်ဆုပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ဦးဆောင်မှုဖြင့် နိုင်ငံပေါင်း ခုနစ်နိုင်ငံ အသိအမှတ်ပြု ITPEC စာမေးပွဲ အောင်လက်မှတ်နှင့် ထူးချွန်ဆုပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပသည်။



ရှေးဦးစွာ ခုနစ်နိုင်ငံ အသိအမှတ်ပြု ITPEC Exam ဗီဒီယိုမှတ်တမ်းကိုပြသပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးထွန်းခိုင်က ကျေးဇူးတင်စကားပြောကြားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ကျင်းပစစ်ဆေးခဲ့သည့် IP Exam တွင် ထိုင်း၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ ဖိလစ်ပိုင်၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာစသည့် ခုနစ်နိုင်ငံ၌ အမှတ်အများဆုံးရရှိသူ ခြောက်ဦးအား မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်ပေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းဥက္ကဋ္ဌ ဦးထွန်းခိုင်နှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ကျင်းပစစ်ဆေးခဲ့သည့် FE Exam တွင် မြန်မာနိုင်ငံ၌ အမှတ်အများဆုံးရရှိသူ Excellence Award ဆုရရှိသူ လေးဦးအား ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်ခြင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ကျင်းပစစ်ဆေးခဲ့သည့် IP Exam တွင် မြန်မာနိုင်ငံ၌ အမှတ်အများဆုံးရရှိသူ Excellence Award ဆုရရှိသူ ခြောက်ဦးအား ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်ခြင်း၊ ၂၀၂၃ခုနှစ် အောက်တိုဘာလတွင် ကျင်းပစစ်ဆေးခဲ့သည့် ITPEC Exam တွင် ဝင်ရောက်ဖြေဆိုသူ အများဆုံးဆု (Highest Enrollment Award) ရရှိသူများအား ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်ခြင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ကျင်းပစစ်ဆေးခဲ့သည့် ITPEC Exam တွင် ဝင်ရောက်ဖြေဆိုသူ ၄၀ နှင့်အထက် အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဆု(Highest Pass Rate Award) ရရှိသူများအား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ITPEC စာမေးပွဲ အောင်လက်မှတ်ရ IT ပညာရှင်များအနေဖြင့် ထိုင်း၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ ဖိလစ်ပိုင်၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့တွင် လုပ်ငန်းခွင် လွယ်ကူစွာဝင်ရောက်နိုင်ရန် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်အနေဖြင့် ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## မန္တလေးတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ

မန္တလေး ဇန်နဝါရီ ၆

မန္တလေးတက္ကသိုလ်၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယမန်နေ့က အင်းဝ(၉)ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း က အမှာစကားပြောကြားသည်။ ထို့နောက်ဒေါက်တာစိုးစန္ဒာစန်း ပါမောက္ခ(ဌာနမှူး) ပထဝီဝင်ဌာနက ဝိဇ္ဇာပညာရပ်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ဒေါက်တာသင်းမြတ်နွယ် ပါမောက္ခ(ဌာနမှူး) ဓာတုဗေဒဌာနက သိပ္ပံပညာရပ်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ပထမနှစ် (၂၀၂၃ တက္ကသိုလ်ဝင်တန်းအောင်)များမှ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယရရှိပြီး ဝင်ရောက်လာသူ ကျောင်းသူ သုံးဦးအား ဂုဏ်ပြုဆုချီးမြှင့်ပေးခဲ့ပြီး မန္တလေးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား မန္တလေးတက္ကသိုလ် ဆရာ ဆရာမများက နွေးထွေးစွာကြိုဆိုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ခရမ်းမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကျင်းပ

ခရမ်း ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်တွင် ၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။



### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အေးသစ်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီး/ခရိုင် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများ၊ လူရည်ချွန်ပြိုင်ပွဲ၊ စွမ်းရည်ပြိုင်ပွဲ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု မင်္ဂလသုတ်ရေးဖြေပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကိုမင်း(ခရမ်း)

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့်ပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်က ရွှေနံ့သာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ လေ့လာကြစဉ်။

အောင်မျိုးဝင်း(ပြန်/ဆက်)



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၆

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီနှင့်လုပ်ငန်းကော်မတီ(၈)ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီ(၈)ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီ နာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်တိုင်းဒေသကြီးကလေးအလုပ်သမားပပျောက်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီရှစ်ခု ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှူးက ကော်မတီရှစ်ခု၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ထို့နောက် စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ၊ အသိပညာပေးရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ၊ ဥပဒေရေးရာလုပ်ငန်းကော်မတီ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၊ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီ၊ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီတို့က ကော်မတီဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးဝန်ကြီးများမှ ကလေးအလုပ်သမား ပပျောက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ဝိုင်းဝန်းအကြံပြုတင်ပြကြသည်။

ယင်းနောက် ကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် ကော်မတီအချင်းချင်း ဝိုင်းဝန်း၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ငူမြို့၌ အားကစားပြိုင်ပွဲများနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

တောင်ငူ ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က မိုင်ဒါကွင်း၌ ကျင်းပခဲ့သည်။

ဦးစွာ တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးက အဖွင့်အမှာစကားပြောကြားသည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ဉာဏ်ရွှေ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၃) ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်သန်းဝင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ တောင်ငူတပ်နယ် စစ်ဦးစီးပထမတန်း ဒုတိယဗိုလ်မှူးကြီး သက်မောင်မောင်၊ မြို့မိမြို့ဖ ဦးယဉ်ငွေးတို့က အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဌာနဆိုင်ရာပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော်အား လှည့်လည်ကြည့်ရှုကြသည်။ **ခရိုင်(ပြန်/ဆက်)**



## မုဒုံမြို့နယ်၌ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

မုဒုံ ဇန်နဝါရီ ၆

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက မြို့နယ်အားကစားပြိုင်ဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် Gold Smith အသင်းနှင့် REBORN အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ လေးဂိုး-သုံးဂိုးဖြင့် Gold Smith အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။ ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ပိုက်ကျော်ခြင်းနှစ်ယောက်တွဲ၊ 3 On 3 ဘတ်စကက်ဘော၊ ဖူဆယ်ဘောလုံးပြိုင်ပွဲများတွင် ဆုရရှိသည့်အသင်းများကို မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆု၊ အသင်းလိုက် ငွေသားဆုနှင့် တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ဖူဆယ်ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ် (ကျား/မ) အားကစားနည်းတွင် ခြောက်မျိုး၊ (၁၅)နှစ်အောက် ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၂၇ ရက် မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပခဲ့ရာ ရပ်ကွက်/ ကျေးရွာနေ အားကစားသမား ၃၄၀ ခန့် ယှဉ်ပြိုင်ခဲ့ကြကြောင်း၊မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အားကစားပြိုင်ပွဲများနှင့်ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထန်းတပင်၌ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခြင်းကို ဇန်နဝါရီ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာကျောင်းမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက မီတာ ၁၀၀၊ မီတာ ၂၀၀



နှင့် မီတာ ၄၀၀ အပြေးပြိုင်ပွဲများ၊ အလျားခုန်ပြိုင်ပွဲ၊ ကြက်ဖခွပ်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ အိတ်စွပ်ပြိုင်ပွဲ၊ ခြင်းလုံးပြိုင်ပွဲနှင့်ဖူဆယ်ဘောလုံးပြိုင်ပွဲများကို ကျင်းပခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မီတာ ၁၀၀၊ မီတာ ၂၀၀ နှင့် မီတာ ၄၀၀ အပြေးပြိုင်ပွဲများ၊ အလျားခုန်ပြိုင်ပွဲ၊ ကြက်ဖခွပ်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ အိတ်စွပ်ပြိုင်ပွဲ၊ ခြင်းလုံးပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်းဆုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဦးအေးဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးခင်စိုး၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနအားကစားမှူး ဦးဇော်ဇော်နိုင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသာကျော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်သည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## မှော်ဘီမြို့နယ်၌ အားကစားပြိုင်ပွဲများ ကျင်းပ

မှော်ဘီ ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (သန္ဓေပင်)၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အဆိုပါ ကျောင်းအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်စမ်းစမ်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမာက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ အထက(သန္ဓေပင်) ကျောင်းမှ ကျောင်းသား ကျောင်းသူများက ဘောလုံး၊ ရွှေစွန်ညိုကစားနည်း၊ အာလူးကောက်၊ ကြက်ဖခွပ်၊ ကြိုးခုန်၊ မုန့်စားပြိုင်ပွဲ၊ တန်းကျော်နှင့် ထုပ်ဆီးတိုးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**



## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြင်ဦးလွင်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး




**မန္တလေး ဇန်နဝါရီ ၆**

မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့တွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်နေသည့် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသည့် နန္ဒာလမ်း၊ အိမ်တော်လမ်းနှင့် ကလပ်လမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယခု နိုင်လွန်ကတ္တရာလမ်းခင်းကျင်းမှု လုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်ကြီး(၅) အတွင်း အရှည် ပေ ၂၁၀၀၊ အကျယ် ၂၁ ပေ၊ ဒ သုံးလက်မရှိ ကလပ်လမ်း နိုင်လွန်ကတ္တရာခင်းခြင်းအား ငွေကျပ် ၂၁၉ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ရပ်ကွက်ကြီး (၆) အတွင်း အရှည် ၂၆၇၅ ပေ၊ အကျယ် ၂၄ ပေ၊ ဒ သုံးလက်မရှိ နန္ဒာလမ်း နိုင်လွန်ကတ္တရာခင်းခြင်းအား ငွေကျပ် ၃၇၇ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီးမှု ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအေးကျော် ပဲခူးတိုင်းဒေသကြီးရှိ ၂၃၀ ကေဗွီ ကမာနတ် ပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးရှိ၂၃၀ ကေဗွီ ကမာနတ် ပင်မဓာတ်အားခွဲရုံသို့ သွားရောက်၍ ဓာတ်အားခွဲရုံဆိုင်ရာ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ၂၃၀ ကေဗွီ ကမာနတ် ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ အသစ်တိုးချဲ့တည်ဆောက်ထားသည့် ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် မူလတည်ဆောက်ထားသည့် ၂၃၀ ကေဗွီဓာတ်အားခွဲရုံတို့၏ Switch Yard အတွင်း ဓာတ်အားလွှတ်ပစ္စည်းများ၏ အခြေအနေများနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်းမှ ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထရန်စဖော်မာ ဝန်အားစာရင်းကို အမြဲစိစစ်၍ မှတ်တမ်းထားရှိရန်၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး ဓာတ်အားခွဲရုံရှိ ဓာတ်အားလွှတ်ပစ္စည်းများကို ပုံမှန်စစ်ဆေး၍ လိုအပ်ပါက ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရေး လုံခြုံရေး အသိ၊ သတိဖြင့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သာယာဝတီမြို့နယ်၌ စစ်တုရင်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**သာယာဝတီ ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဖိတ်ခေါ်စစ်တုရင်ပြိုင်နှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က သာယာဝတီမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲများတွင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုများက ပါဝင်ယှဉ်ပြိုင်ကြပြီး စစ်တုရင်ပြိုင်ပွဲတွင် ကြို့ပင်ကောက်အသင်းက ပထမ၊ သာယာဝတီအသင်းက ဒုတိယ၊ သုံးဆယ်မြို့ အသင်းနှင့် ဆရာစံမြို့သစ်အသင်းက တတိယ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အား/ကာအသင်းက ပထမ၊ မီးသတ်အသင်းက ဒုတိယ၊ ထွေ/အုပ်အသင်းက တတိယတို့ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ထို့နောက် ဆုရရှိအသင်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟို၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြည်မျိုးလွင်နှင့် တာဝန်ရှိသူများက ငွေသားဆု၊ တံခွန်စိုက်ဒိုင်းဆုများကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## လှည်းကူးမြို့နယ်၌ မဇ္ဈိမလင်္ကာရ သာမဏေကျော်စာမေးပွဲ ကျင်းပ

**လှည်းကူး ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မဇ္ဈိမလင်္ကာရ သာမဏေကျော်စာမေးပွဲကို ယနေ့တွင် မဇ္ဈိမဂုဏ်ရည်မဟာစည်တောရရိပ်သာ၊ ဓမ္မရံသီမိုးကုတ်ရိပ်သာနှင့် သာသနာ့ရိပ်သာရပ်ကွက်ရှိ နိဗ္ဗာန်ဆိပ်ဦးဗိမာန်စာဖြေဌာနသုံးခုတို့တွင် ကျင်းပသည်။

အဆိုပါ ကျင်းပသည့် ပထမအဆင့် စာမေးပွဲ၊ ဒုတိယအဆင့် စာမေးပွဲနှင့် တတိယအဆင့် စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်နှင့် သီလရှင် ၁၃၆၅ ပါးထိရှိကြောင်း သိရသည်။

မဇ္ဈိမလင်္ကာရ သာမဏေကျော်စာမေးပွဲကြီးကို မဇ္ဈိမဂုဏ်ရည်မဟာစည်တောရရိပ်သာ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒက စီမံဦးဆောင်၍ ကျင်းပခြင်းဖြစ်ပြီး စာမေးပွဲကို ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ သုံးရက်တိုင်တိုင် မဇ္ဈိမဂုဏ်ရည်မဟာစည်တောရရိပ်သာ၊ ဓမ္မရံသီမိုးကုတ်ရိပ်သာနှင့် သာသနာ့ရိပ်သာရပ်ကွက်ရှိ နိဗ္ဗာန်ဆိပ်ဦးဗိမာန်စာဖြေဌာနသုံးခုတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**ဟင်္သာတ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါ ကျောင်းရှိ ရွှေဝါထွန်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ခြင်းကို သက်ဆိုင်ရာ သင်ကြားရေးဌာနမှူးများက ဆွေးနွေးပြောကြားသည်။

ထို့နောက် သင်တန်းရေးရာဌာနမှူးက ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် ကျောင်းစည်းကမ်းများနှင့် စာမေးပွဲဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါအခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်နှင့် သင်ကြားရေးဌာနမှူးများ၊ သင်တန်းမှူးများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် သင်တန်းနှစ်အလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများ၊ ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား စွမ်းဆောင်ရည်ဆိုင်ရာ ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ စီနီယာကျောင်းသားတစ်ဦးက ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ဆက်စကားပြောကြား၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် King နှင့် Queen ရွေးချယ်ပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က Crown နှင့် စလွယ်တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# အထူးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၄ ဖြင့် **"သီရိသုဓမ္မမဏိဇောတရေ"**ဘွဲ့တံဆိပ်ကို **ဦးအောင်ကိုဇော် - မန်နေဂျင်းဒါရိုက်တာ "ရွှေနရား"ကုမ္ပဏီလီမိတက်**အား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**အထက (၁) ဒဂုံ နာယက ဒေါက်တာ စိုးသိန်းနှင့် ဇနီး ဒေါ်ခင်ချိုအုန်း**

★ MFF မှ

ယခုရာသီ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် Golden Yoma အသင်း၊ M-Million အသင်း၊ ရွှေပြည်သာအသင်း၊ Black Cross အသင်း၊ YRG အသင်း၊ Sun Far အသင်း၊ Noka United အသင်း၊ Maryar အသင်း၊ TG United အသင်း၊ Seven အသင်း၊ KKY အသင်းနှင့် SGF အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ယခုရာသီ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲကို အသင်းအရေ အတွက်တိုးမြှင့်ထားပြီး ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည် ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MFF


**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ပဏ္ဍိတလမ်း၊ အမှတ်(၉)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အခန်းအမှတ်(အေ)၊ ဆဋ္ဌမထပ်၊ (၇-လွှာ)၊ အကျယ်အဝန်း(၂၀၂၂)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသန်းဝေ [၁၂/မရက(နိုင်)၁၃၂၅၆၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်သီရိလှိုင် | ဒေါ်ရည်မွန်အောင် | ဦးမျိုးမြင့်အောင် |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ် - ၁၅၂၆၀) | (စဉ် - ၅၀၆၁၂) | (စဉ် - ၅၅၈၆၉) |

တိုက်အမှတ်(၂၄၇)၊ မြေညီထပ်၊ တပင်ရွှေထီးလမ်း၊ (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၅၁၀၀၈၆၃



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/မြို့မအနောက်ရပ်၊ မြေကွက်အမှတ်(ပ-၃၀၇၅၈)ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၃၀) မြေငှားဂရန်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဦးခင်မောင်တင်[၉/ပမန(နိုင်)၀၂၁၄၁၇]အမည်ပေါက်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအေးသန်း [၁၂/ဥကတ(နိုင်)၀၇၃၈၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းစိုး[၁၂/မရက(နိုင်) ၁၀၇၈၀၆] မှ အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ပိုးနှင်းပွင့်အောင် (LL.B) | ဒေါ်စံစံထွန်း(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၉၃၂၂/၂၀၁၃) | (စဉ်-၁၆၀၀၅/၂၀၁၉) |

အမှတ်(၁၀/၄၄)ရဲဘော်ကျန်လမ်း၊ ရန်အောင်(၁)ပျဉ်းမနားမြို့၊ နေပြည်တော်။ ဖုန်း-၀၉-၉၆၈၀၉၁၉၆၂


## အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၆

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ တံတားဦးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



**ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၁၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၅၄ ပါးနှင့် ဒေသခံပြည်သူ ၆၁ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဆီးချို/ သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

✦ ဘာန်လေအသင်းမှ

စပါးအသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာ နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်သလို ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း ပွဲစဉ်(၂၀) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၃၉ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၅)နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ငွေကြယ်



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဘောလုံးအားကစားကွင်းနှင့် မသန်စွမ်းအားကစားကွင်းတို့၌ ဇန်နဝါရီ ၄ ရက်က ကျင်းပသော လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းက ဆုချီးမြှင့်စဉ်။

မြင့်မြင့်ရီ(ပြန်/ဆက်)

## လှည်းကူးမြို့နယ် ဇလုတ်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

လှည်းကူး ဇန်နဝါရီ ၆

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇလုတ်ကြီး ကျေးရွာရှိ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ကွန်ကရစ်လမ်းသစ် မုခ်ဦးရှေ့၌ ဇန်နဝါရီ ၃ ရက်က ကျင်းပသည်။



ဦးစွာ လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်အား အင်းတိုင်တပ်နယ် တပ်နယ်မှူး၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်လင်းသန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နန်းထက်ဝင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝင်းလွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကွန်ကရစ် လမ်းသစ်အား လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းကွန်ကရစ်လမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ၇၈၅ ပေ၊ လမ်းအကျယ် ရှစ်ပေနှင့် ဒု ခြောက်လက်မရှိ ကွန်ကရစ်လမ်း ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာ လူမှုစီးပွားဘဝဖွံ့ဖြိုးရန်အတွက် အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မင်းကွန်းတိပိဋကဓရ-နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကဓရ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြုံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

စာဖြေသံဃာများရောက်ရှိသည့် ၄-၁၂-၂၀၂၃မှ ၃၀-၁-၂၀၂၄ထိ အောက်ပါနှုန်းထားများအတိုင်း ပြင်ဆင်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀၀ိ/- | ပိတ်ရက် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀ိ/- | မရှိ |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀၀ိ/- | လှူဒါန်း |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ိ/- | နိုင် |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၁၅၀၀၀ိ/- | ပါသည် |
| ၆။ | ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်-၃၀၀၀၀ိ/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

ယခုအချိန်တွင် (၇၆)နှစ်မြောက် တိပိဋကဓရ၊ ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးနှင့်တိုက်ဆိုင်သောကြောင့် မင်းကွန်းတိပိဋက-နိကာယကျောင်းတိုက် (မေမြို့)တိပိဋက- နိကာယကျောင်းတိုက်ခွဲ၊ ရှာင်တိပိဋကနိကာယကျောင်းတိုက်ခွဲမှ တိပိဋကလောင်းလျာ၊ သံဃာတော်အရှင်မြတ် အပါး(၁၄၀)သည် ရန်ကုန်မြို့ တိပိဋကကျောင်းတိုက်တွင်၊ သံဃာအပါး(၁၀၀)ခန့်၊ တိပိဋကနိကာယကျောင်းတိုက်ခွဲ ဒဂုံဆိပ်ကမ်း(မျက်စိဆေးရုံ)ကျောင်းတိုက်ကြီးတွင်၊ သံဃာအပါး(၅၀)ခန့် စာမေးပွဲပြီးဆုံးသည့် ၂၈-၁-၂၀၂၄ ရက်နေ့အထိ၊ သီတင်းသုံးတော်မူကြသည့်အတွက် အဆိုပါ တိပိဋကလောင်းလျာ သံဃာတော် အရှင်မြတ်များအား နေ့စဉ်နံနက်အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့်ပစ္စည်းလေးပါးများ ကပ်လှူပူဇော်နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ-နိ ရန်ကုန် တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon. A/C No.061-301-06100094501 -ဦးသိန်းလှိုင်
- AGD Bank(MGTN), A/C 3240301000254013
- CB Bank A/C 0002600 1000 28851
  AYA Bank A/C 40020682989
  A Bank A/C-0014010200009553

ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅

၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျိုးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၁၃၁၀၂၃-ဦးဝင်းဆွေ

၃။ တိပိဋက-နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။
ဖုန်း-၀၉-၄၄၃၁၉၇၉၉၅၊ ၀၉-၇၉၅၇၉၅၇၉၀

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ( ၉ )လမ်း၊ ဘုရင့်နောင်အိမ်ရာစခန်း၊ တိုက်အမှတ်(၂၈)၊ အခန်းအမှတ်(၁၂)ဟုခေါ်တွင်သော (၆)ခန်းတွဲ (၂)ထပ်တိုက်အနက် မြေညီထပ် (ထပ်ခိုးပါ)တိုက်ခန်း တစ်ခန်းနှင့် ယင်းတိုက်ခန်းအတွက်တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာတစ်လုံးနှင့် ရေမော်တာတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့အား ဒေါ်အေးအေးခိုင် (ဘ) ဦးမောင်စိမ့် [၁၂/သကတ(နိုင်)၀၂၀၉၂၅]က အရောင်းအဝယ် ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် မိမိကိုယ်တိုင်ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် လက်ရှိဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသစရန်ငွေကို ရောင်းသူအား (၅-၁-၂၀၂၄) ရက်နေ့၌ စရန်ပေးစာချုပ်ချုပ်ဆို၍ ပေးချေထားပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်အား ဤကြော်ငြာပါသည့်နေ့မှစ၍ (၂၀-၁-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ ဤတိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်၍ အားမနာတမ်း ကန့်ကွက်တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဆုရည်နန္ဒာ [၁၂/လမန(နိုင်)၁၅၂၁၃၀]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနေဝင်း (စဉ်-၄၉၄၃) (တရားလွှတ်တော်ရှေ့နေ)**
**တိုက် (၄၁)၊ အခန်း (ဘီ-၃)၊ ဒုတိယထပ်၊**
**(၁၁)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်။**

## အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့တွင် နေထိုင်ခဲ့သူများဖြစ်ကြသော (၁)ဦးမြင့်မောင် (ဘ)ဦးပွင့်၊ ဒေါ်ကျင်ဟုတ်(ခ)ဒေါ်ခိုင်ခိုင်စိုး (ဘ)ဦးခွန်စိန်တို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-156/8/2019 (၁၉-၈-၂၀၁၉ နိုတြီပဗ္ဗလစ် ဦးထွန်းစိန်)ဖြင့် လွှဲအပ်ထားသူ ဦးသက်ထွန်း (ဘ)ဦးစစ်ကြိုင် (မြောင်းမြ)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာပါသည်

မြောင်းမြမြို့၊ အမှတ်(၅)ရပ်ကွက်၊ (၁၁)လမ်းရှိ "အောင်သိဒ္ဓိ" ရုပ်ရှင်ရုံနှင့် ယင်းရုပ်ရှင်ရုံတည်ရှိရာမှာ မြေစာရင်းရပ်ကွက်အမှတ်(၁၄)၊ ဗောဓိကုန်းရပ်ကွက်၊ ဦးပိုင်အမှတ်(၁၇၃-က)၊ ဧရိယာ(၀.၀၂၃)ဧကရှိ ဂရန်မြေနှင့် ဦးပိုင်အမှတ်(၁၄၃-က)၊ ဧရိယာ(၀. ၂၁၂)ဧကရှိ ဘိုးဘွားပိုင်မြေကွက်တို့ကို ဦးမြင့်မောင်+ ဒေါ်ခိုင်ခိုင်စိုးတို့က အမည်ပေါက် ပိုင်ဆိုင်သူ ဦးသန်းဌေး၊ ဒေါ်သန်းသန်းဌေးတို့ထံမှ မြောင်းမြမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၄/၂၀၀၄ (၃-၃-၂၀၀၄)ဖြင့် အပိုင်လက်ရောက်ဝယ်ယူခဲ့ပြီး ထိုရုပ်ရှင်ရုံမြေကွက်တို့သည်လည်း ဦးမြင့်မောင်+ဒေါ်ခိုင်ခိုင်စိုး အမည်ပေါက် အပိုင်လက်ရှိ ဖြစ်ပါသည်။

သို့သော်လည်း ၂၀၀၇ ခုနှစ်တွင် ဦးသန်းဌေး+ဒေါ်သန်းဌေးတို့က ဦးမြင့်မောင်+ဒေါ်ခိုင်ခိုင်စိုးတို့အပေါ် ထိုရုပ်ရှင်ရုံနှင့် မြေတို့အတွက် အပေါင်ရွေးနုတ်လိုမှုအဖြစ် ဧရာဝတီတိုင်းတရားရုံး၊ တရားမကြီးအမှုအမှတ်-၁၁/ ၂၀၀၇ နှင့် ဦးသန်းဌေး+ဒေါ်သန်းသန်းဌေးတို့က (၁)ဦးခင်မောင်ဝင်း (ကွယ်လွန်)၊ (၂)ဦးမြင့်မောင် (၃)ဒေါ်ခိုင်ခိုင်စိုးတို့အပေါ် ယင်းမှတ်ပုံတင်စာချုပ်အမှတ်-၄/၂၀၀၄ကို ပယ်ဖျက်ပေးစေလိုမှု စွဲဆိုခဲ့ရာ (၂)မှုစလုံးကို ပလပ်ခဲ့ပါသည်။

ထို့ကြောင့် အောင်သိဒ္ဓိရုပ်ရှင်ရုံနှင့် မြေတို့သည် ဦးမြင့်မောင်+ ဒေါ်ခိုင်ခိုင်စိုးတို့သာ အမည်ပေါက် အပိုင်လက်ရှိ ဖြစ်ကြောင်းနှင့် ထိုရုပ်ရှင်ရုံ/မြေတို့နှင့်ပတ်သက်၍ နှောင့်ယှက်ဟန့်တား ပြောဆိုလာပါက ဥပဒေနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသက်ထွန်း**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြင့်သိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(Advocate)**
**(စဉ်- ၆၄၃၄)(၁၃-၈-၁၉၉၇)**
**အမှတ်(၂၁)၊ ရွှေဂုံတိုင်(၃)လမ်း၊ မြောင်းမြမြို့။**
**ဖုန်း-၀၉-၂၅၂၈၅၀၀၁၂**

## ရောင်းချရန်ကြော်ငြာစာ

**( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ )**
**မြောင်းမြမြို့နယ်တရားရုံးတော်**
**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၉၈**

| | | |
|---|---|---|
| ဦးတင်ထွန်း | နှင့် | နန့်သန်းမေကြည် |
| **တရားနိုင်** | | **တရားရှုံး** |

မြောင်းမြမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၇/၂၀၁၇ အမှု၏ အနိုင်ဒီကရီကို အတည်ပြု ဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်၊ နံနက် (၁၀း၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မြောင်းမြမြို့နယ်၊ သိလ္လာချောင်းဖျားကျေးရွာ၊ ကွင်းအမှတ်-၄၄၅၊ သိလ္လာချောင်းဖျားကွင်း၊ ဦးပိုင်အမှတ်(၄/၅၂)၊ မြေအမျိုးအစား(Y)ပေါ်ရှိ (၄၀-ပေ x ၆၀-ပေ)ရှိ မြေနှင့် ထိုမြေပေါ်တွင်ဆောက်လုပ်ထားသော (၃ပင် x ၂ခန်း)၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ သစ်တိုင် (၁)ထပ်နေအိမ်။

**ကြမ်းခင်းဈေးငွေကျပ်(၆၅)သိန်း**
**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀/- လျှင် ၂၅/- ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်ရက်ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**( ခိုင်သန္တာသိန်းမြင့် )**
**မြို့နယ်တရားသူကြီး**
**မြောင်းမြမြို့နယ်တရားရုံး**


## စာအုပ်စာပေ လူ့မိတ်ဆွေ



MTB
MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်

## အထူးပင်ဝမ်းမြောက်ဂုဏ်ယူကြောင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏
၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်
လွတ်လပ်ရေးနေ့တွင် **ဝဏ္ဏကျော်ထင်**ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသော
**ဒေါက်တာမောင်မောင်သိမ်း ဒုတိယဝန်ကြီး(ငြိမ်း)**
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အား
**မြန်မာ့ခရီးသွားဘဏ်** မိသားစုမှ ဝမ်းမြောက်စွာဖြင့်အထူးပင်ဂုဏ်ပြုအပ်ပါသည်။



MTB
MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်

## အထူးပင်ဝမ်းမြောက်ဂုဏ်ယူကြောင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏
၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်
လွတ်လပ်ရေးနေ့တွင် **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်ကို
ချီးမြှင့်ခြင်းခံရသော **ဒေါက်တာအိမွန်မွန်(ခ)ဂျူးဂျူး** အား
**မြန်မာ့ခရီးသွားဘဏ်** မိသားစုမှ ဝမ်းမြောက်စွာဖြင့်အထူးပင်ဂုဏ်ပြုအပ်ပါသည်။


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆၆)၊ မြေကွက်အမှတ်(၁၄)+(၁၅)ဟုခေါ်တွင်သော ဒီဇင်ဘာဥယျာဉ်မြို့တော်စီမံကိန်းဧရိယာအတွင်းရှိ ဧရိယာ (အလျား ၅၅ ပေ x အနံ ၇၁.၃ပေ)စီ အကျယ်အဝန်းရှိ ဦးသက်လွင်အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်(၂) ကွက်အား ဒီဇင်ဘာဆောက်လုပ်ရေးကုမ္ပဏီ ကိုယ်စား (မန်နေးဂျင်းဒါရိုက်တာ) ဦးသက်လွင်ထံမှ ဦးဝင်းညွှန့် (ဘ) ဦးအောင်စိုး [၁၂/လကန(နိုင်)၀၅၉၉၁၈] ကိုင်ဆောင်သူက (၂၆-၁၀-၂၀၀၅) ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဝင်းညွှန့်မှ ယနေ့အချိန်အထိ လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာကင်းရှင်းပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် သဘောတူညီပါသဖြင့် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်(၂)ကွက်၏ ကာလတန်ဖိုးအနက်မှ အချို့အဝက်အား ကြိုတင်ပေးငွေ (စရန်ငွေ)အဖြစ် ကြိုတင်ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်ပြုလုပ်သည့်မြေကွက်(၂)ကွက်နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူမည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းသီတာမြင့်(LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ် -၁၇၉၉၆)**
**အမှတ်-(၅၇) ၊ နေသီရိတာဝါ၊ အခန်းအမှတ် (၅-B)၊ ကျိုက်ပိုင်းဘုရားလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။**
**ဖုန်း- ၀၉ - ၄၀၁၆၀၀၄၂၆၊ ၀၉-၇၉၉၃၅၉၂၁၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၈၉)ဟု ခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦးရှိ ၃လွှာ(အေ)၊ (ဒုတိယထပ်) ခေါင်းရင်းခန်း တိုက်ခန်း (၁) ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအေးမောင် [၁၂/မဂတ(နိုင်)၁၁၃၂၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းအရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အိကေဇင်** | **ဒေါ်အိအိမွန်** | **ဒေါ်မေသူထွန်း** |
| **(LL.B,D.B.L,D.I.L,D.I.P.L)** | **(LL.B,D.B.L,D.I.P.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၇၇၂၃)** | **(စဉ်-၅၀၂၈၆)** | **(စဉ်-၅၀၂၄၇)** |

**အမှတ်(၇၀)၊ ၅-လွှာ (ဘီ)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၀၃၁၉၄၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ အကွက်အမှတ် -၂၇၀၊ ဦးပိုင်အမှတ် (၉၃-က)၊ ၈၇ လမ်း၊ ၃၃-C လမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးကိုကိုနိုင် [၉/မနတ(နိုင်)၀၅၀၄၉၅]၊ ဒေါ်မာမာသန်း [၉/မနတ(နိုင်)၀၅၀၇၆၉]တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက် ထား လာ ပါ သည် ။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**


**အားကစား**

**မြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်**

**မူးယစ်ဆေး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၃၊မြေကွက်အမှတ်-၈၄/က၊ဧရိယာ(၀.၀၂၇)ဧက၊မြေကွက်တည်နေရာအမှတ်(၈၄/က)၊စိန်ပန်းလမ်း၊(၅/၇)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ဦးသောင်းရွှေ(AC-၀၆၁၂၅၆)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဂရန်မြေအမည်ပေါက်-ဦးသောင်းရွှေ(AC-၀၆၁၂၅၆)ဖခင်ဖြစ်သူသည်(၁၇-၁-၂၀၀၁)ရက်နေ့တွင်လည်းကောင်း၊မိခင်ဖြစ်သူဒေါ်ဖွေးစိန်(၁၂/ရပသ(နိုင်)၀၁၁၆၀၆)သည်(၁၃-၆-၂၀၁၄)ရက်နေ့တွင်အသီးသီးကွယ်လွန်၍သားသမီးများဖြစ်ကြသောဒေါ်စန်းဝင်း(၁၂/ဒဂန(နိုင်)၀၂၁၆၇၅)၊ဒေါ်ခင်မြင့်(၁၂/ရပသ(နိုင်)၀၀၁၅၇၇)တို့မှဂရန်မူရင်းပျောက်ဆုံးကြောင်းအမှတ်(၅)ရပ်ကွက်၊အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ဂရန်မူရင်းသည်ခရီးသွားလာရင်ပျောက်ဆုံးသွားသည်မှာမှန်ကန်ပြီး၊အခြားတစ်ဦးဦးထံသို့ရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းလှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းလုံးဝမရှိဘဲပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်းရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ကျမ်းကျိန်လွှာအမှတ်-၂၇၄၉/၂၀၂၃(၁၂-၉-၂၃)၊မိခင်/ဖခင်သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်ပျောက်ဆုံးကြောင်းကိုယ်တိုင်ဝန်ခံချက်၊မိခင်/ဖခင်ကွယ်လွန်ပြီးသမီးများဖြစ်ကြသောဒေါ်စန်းဝင်း၊ဒေါ်ခင်မြင့်နှစ်ဦးတည်းသာမွေးဖွားခဲ့ပြီး၊အခြားဤတ္တိမသား/သမီးများမွေးစားထားခဲ့ခြင်းမရှိကြောင်း၊အထက်ပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အနက်မြန်မာ့လေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဥပဒေတို့အရငှင်းတို့မှသာပိုင်ဆိုင်ကြောင်းကျောက်တံတားခရိုင်တရားရုံး၏ကျမ်းကျိန်လွှာအမှတ်-၁၂၉၁/၂၀၂၃(၇-၁၁-၂၃)၊အသိသက်သေ(၂)ဦး၏ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊နိုင်ငံသားစိစစ်ရေးကဒ်တို့တင်ပြ၍ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

"ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်[၁၂/ဥကမ(နိုင်)၂၆၃၀၁၁]ကိုင်ဆောင်သူမှ မြောက်ဒဂုံမြို့နယ်၊ သခင်ဗလှိုင်လမ်း၊ သုခလမ်းထောင့်၊ မြေကွက်အမှတ်(၆၈၂)ရှိ အကျယ်အဝန်းအားဖြင့် (၄၀x၆၀)ပေ၊ ဧကအားဖြင့် (၀.၀၅၆)အကျယ်အဝန်းနှင့် အာစီသုံးထပ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဦးတင်ဗိုလ်ဗိုလ်[၁၂/မရက(နိုင်)၀၄၂၅၄၂]ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးခဲ့ပြီးဖြစ်သောကြောင့် အဆိုပါမြေကွက်နှင့် အာစီသုံးထပ်အပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ အမွေစားအမွေခံအပါအဝင် သက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ အောက်ပါလိပ်စာအတိုင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း-"

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်ဝင်းသိန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၈၆)**
**အမှတ်(၂၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။ Ph:09-670787228**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ/၄) တိုးချဲ့၊ လူနေရပ်ကွက် အမှတ်(၈)ရပ်ကွက်၊ ဗိုလ်တေဇပန်းခြံ၊ အမှတ်(၆၅၅) ရှိ (အလျား၄၀ပေ x အနံ၆၀ပေ)ရှိ ဦးကျော်ရီ အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးတိုးနိုင်ဦး[၁၂/ရပသ(နိုင်)၀၈၂၃၅၇]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်သူ[၁၂/အစန(နိုင်)၀၄၂၃၉၈]မှ စရန်ငွေပေးပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း စာရွက်စာတမ်း(မူရင်း)အထောက်အထားအပြည့်အစုံဖြင့်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆွေဝင်း(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၉၂)**
**အမှတ်-၁၃၂၈၊ ကုန်းဘောင်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၉၉၀၂၉**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၈၉/ဈေးချို)၊ ဦးပိုင်အမှတ်( ၄၆/င) မြေချိန်ဧရိယာ (၀.၁၁၄)ဧက၊ ဦးပိုင်အမှတ်(၄၇/ခ)၊ မြေချိန်ဧရိယာ(၀.၂၀၄)ဧကရှိ ဘိုးဘွားပိုင် မြေကွက်(၂)ကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော ဈေးကြိုရပ်ကွက်၊ ကျိုက္ခမီလမ်း၊ အိမ်အမှတ်(၁၂၈/ အေ)ဟုခေါ်တွင်သော (၁)ထပ်တိုက်ခံ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးသိန်းရှိန်နှင့် မခင်လတ်တို့ အမည်ပေါက် ပိုင်ဆိုင်သော အိမ်နှင့်အိမ်ရာမြေကွက်ဖြစ်ပါသည်။

ဦးသိန်းရှိန်နှင့် မခင်လတ်တို့ ကွယ်လွန်ခဲ့ကြ၍ သား/သမီးများဖြစ်သော ဒေါ်စောစောရှိန်၊ ဦးယံရှိန်၊ ဒေါ်တင်လေးတို့မှ ကျမ်းကျိန်လွှာအမှတ်- ၂/၂၀၁၁အရ ကျမ်းကျိန်ဆိုပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းကို ကြေညာစာချုပ်အမှတ် – ၃ / ၂၀၁၁အရ ကြေညာပြီး၍ ဒေါ်စောစောရှိန် [၁၀/မလမ(နိုင်)၀၆၁၀၈၅]၊ ဦးဟံရှိန် [၁၀/မလမ(နိုင်)၁၁၂၀၀၀]နှင့် ဒေါ်တင်လေး [၁၀/မလမ(နိုင်)၀၆၁၀၈၁]တို့ အမွေဆက်ခံပိုင်ဆိုင်ကြပါသည်။

ဒေါ်တင်လေးမှ အပြီးအပိုင်စွန့်လွှတ်စာချုပ်အမှတ်– ၁/၂၀၁၁အရ ဒေါ်စောစောရှိန်နှင့် ဦးဟံရှိန်တို့အား စွန့်လွှတ်ခဲ့ပြီး၊ ဒေါ်စောစောရှိန်မှ အပြီးအပိုင်စွန့်လွှတ်စာချုပ်အမှတ်–၆၃/၂၀၁၃ အရ ဦးဟံရှိန်အား စွန့်လွှတ်ခဲ့၍ ယခုအခါတွင် ဦးဟံရှိန်မှ ဘိုးဘွားပိုင် ဂရန်အမည်ပေါက် လျှောက်ထားမည်ဖြစ်ပါသည်။

ဖော်ပြပါ အိမ်နှင့်မြေကို ၎င်း၏အမည်ဖြင့်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်နေ့မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်း လျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၄၁)၊ နှစ်ထပ်လုံးချင်းတိုက်ကို ဝယ်ယူခွင့်ရရှိသူ ဒေါ်မိမိစိန်[၁၂/သဃက(နိုင်)၀၁၃၇၇၉]ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်စုလဲ့မြင့်[၉/မထလ(နိုင်)၀၄၅၅၈၃]က အမည်ပြောင်းလဲ၍ ပိုင်ဆိုင်မှုအထောက်အထား မြေငှားစာချုပ်ထုတ်ယူခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၂) ရပ်ကွက်၊ ယမုံနာ(၂)လမ်း (ခ) စံပြ(၂)လမ်း၊ အမှတ်(၁၄၉)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅) ထပ်တိုက်၏ ဒုတိယထပ် (၃-လွှာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ $\frac{၁'}{၂}$ x ၅၀') ရှိ တိုက်ခန်းအား တရားဝင် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသူ ဒေါ်မြင့်သီတာချို [၁၂/ဗဟန(နိုင်)၀၀၂၅၂၅] ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေအချို့ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင် အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန်းညွှန့် (စဉ်-၃၄၁၉/၈၅)    ဒေါ်အေးမြတ်သူ (စဉ်-၁၄၀၆၀/၁၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၃၅၄၂၂၊ ၀၉-၄၂၁၁၃၀၅၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့် ဖန်ချက်လမ်းကြား၊ အမှတ်(၈၉၅)၊ မုဒိတာအိမ်ရာ(၂)ပေါ်ရှိ အခန်းအမှတ်(2A-465)၊ အကျယ်အဝန်း (၆၀၀)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မြခိုင်ဇာအောင် [၉/မခန(နိုင်)၁၈၃၂၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဖြိုးဇင်ဝင်း [၈/ပခက(နိုင်)၂၅၉၁၃၀]မှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးဖြိုးဇင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M.,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၀၄၇၉)**
**အမှတ် (၁၃၈) (မြေညီ)၊ လမ်း(၄၀)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
